# စည်းရုံးလှုံ့ဆော်ရေး နည်းဗျူဟာ




ဒီအခြေခံ ကာဒ်လေးကို ဆွဲချရယူပါ (pdf ၁၅၆kb)

စည်းရုံးလှုံ့ဆော်ရေး နည်းဗျူဟာနှင့် ပတ်သတ်တဲ့ အကူအညီဖြစ်စေမည့် အခြေခံ အချက်အလက်များနဲ့ လုပ်ဆောင်စရာများကို ဤကာဒ်က ရှင်းပြပေးပါတယ်။ ဒီနည်းဗျူဟာများကို အသုံးပြုခြင်းအားဖြင့် စည်းရုံးလှုံ့ဆော်ရေးနဲ့ ပတ်သက်သမျှ နည်းလမ်းများနဲ့ လက်စွဲများအကြောင်း၊ သတင်းဖြန့်ဖြူးမှု ပုံစံများနဲ့ အချိန် အပိုင်းခြားအလိုက် ဖြစ်ပျက်ပုံ အဆင့်ဆင့်ဖော်ပြခြင်း (Timeline) အသုံးပြုပုံများကို ရှင်းပြပေးရုံသာမက လက်တွေ့ အသုံးချခြင်း၊ မှတ်တမ်းမှတ်ရာ ပြုစုခြင်းနှင့် ပြန်လည်ဆန်းစစ်ခြင်းတို့ကို နည်းလမ်းတကျ သိသွားအောင် ကူညီပေးပါတယ်။

## စည်းရုံးလှုံ့ဆော်ရေး နည်းဗျူဟာ ဆိုတာ ဘာလဲ။

အပြောင်းအလဲ တခုကို စတော့မယ် ဆိုရင် စည်းရုံးလှုံ့ဆော်ရေး စနစ်တကျ ရှိပြီး ရည်ရွယ်ချက်ပြည့်မီဖို့ လိုပါတယ်။ ဒါ့အပြင် သေချာတိကျတဲ့ ကြိုတင် စီစဉ်မှုမျိုးလည်း ရှိရပါမယ်။ စည်းရုံးရေး မစမီ စည်းရုံးရေးမှူး တယောက်အနေနဲ့ တတ်နိုင်သမျှ လေ့လာထားရမယ့် အချက်များကတော့ -

- ဖြစ်နေဆဲ အခြေအနေ
- စည်းရုံးလှုံ့ဆော်မယ့် ကိစ္စနဲ့ ပတ်သက်ပြီး အကောင်းဘက်ကရော အဆိုးဘက်မှပါ ထိခိုက်ခြင်းခံရသူ
- ဘယ်လိုပြောင်းလဲမှုမျိုးက ထိရောက်မှုဖြစ်စေမလဲ
- စည်းရုံးလှုံ့ဆော်ရေးအတွက် လက်တွေ့အသုံးချနိုင်မယ့် နည်းလမ်းနဲ့ လက်စွဲများကိုရနိုင်မယ့် အရင်းအမြစ်များ

စည်းရုံးလှုံ့ဆော်ရေးသမားများက ဒီနည်းတွေသုံးပြီး ကိုယ်ပိုင်နည်းဗျူဟာများကို ဖန်တီးနိုင်ပါတယ်။ ဒီနည်းဗျူဟာများကို သုံးပြီး စည်းရုံးလှုံ့ဆော်ရေးနဲ့ ပတ်သက်ပြီး ကြိုတင်ပြင်ဆင်ခြင်း၊ လက်တွေ့ အသုံးချခြင်း၊ လူသိများအောင် လုပ်ခြင်း၊ စောင့်ကြည့်ခြင်း၊ ပိုမိုကောင်းမွန်လာအောင် လုပ်ခြင်းနဲ့ ပြန်လည်သုံးသပ်မှုများ လုပ်နိုင်ပါတယ်။ စည်းရုံးလှုံ့ဆော်ရေး နည်းဗျူဟာ တခုဟာ အောက်ဖော်ပြပါ မေးခွန်းအားလုံးကို ခြုံငုံမိရပါမယ်။-

**အရှုပ်အထွေး၊ ရှုထောင့်အမြင်နဲ့ အပြောင်းအလဲ**

1. ပြဿနာ အမျိုးအစား။
2. ပြဿနာကို ဖြေရှင်းပြီးတဲ့ တနေ့မှာ တကမ္ဘာလုံးအနေနဲ့ ဘယ်လိုပြောင်းလဲသွားမယ် ဆိုတဲ့ အမြင်
3. ဘယ်လို အပြောင်းအလဲများက ကိုယ့်အတွက် အသင့်တော်ဆုံး ဖြစ်မလဲ။

**အစုရှယ်ယာဝင်များ၊ ပေါင်းသင်း ဆက်နွယ်မှုများနဲ့ ပစ်မှတ်များ**

4. ဖြစ်ပွားနေတဲ့ ပြဿနာကြောင့် အဆိုးဘက်ကရော အကောင်းဘက်ကပါ ရိုက်ခတ်ခံရသူများ။
5. အရှုပ်အထွေး၊ ရိုက်ခတ်ခံရသူများ သို့မဟုတ် အစုအဖွဲ့များ အကြား ဆက်နွယ် ပတ်သက်မှုများ။
6. ဘယ်လို လူတန်းစားဆီ ပစ်မှတ်ထားမလဲ။
7. စည်းရုံးလှုံ့ဆော်ရေး အောင်မြင်မှုက ဘယ်သူတွေကို ရိုက်ခတ်နိုင်မလဲ။

စည်းရုံးလှုံ့ဆော်ရေး အဆင့်တိုင်းမှာ ရလာမယ့် ကိုင်တွယ်နေတဲ့ အရှုပ်အထွေးနဲ့ ပတ်သက်တဲ့ အဓိက မေးခွန်းများ၊ အဖြေများ၊ အစုရှယ်ယာရှင်တွေနဲ့ ပစ်မှတ်များသာမက နည်းလမ်းများနဲ့ အသုံးပြုတဲ့ သတင်းစကားများ၊ လက်စွဲများ အကြောင်း ထပ်ခါတလဲလဲ ရှင်းပြတာဟာ စည်းရုံးလှုံ့ဆော်ရေးနဲ့ ပတ်သက်တဲ့ နည်းလမ်းများ ပိုတိုးတက်လာဖို့ အကူအညီ ဖြစ်စေပါတယ်။

စည်းရုံးလှုံ့ဆော်ရေး နည်းပညာက လုပ်စရာ ရှိတာတွေကို လမ်းပြပေးနိုင်ပါတယ်။ ဒ့ါအပြင် နည်းလမ်းတခုကို သုံးပြီးတိုင်း အခြေအနေ ပြောင်းလဲမှုပေါ် မူတည်ပြီး ပုံမှန်မွမ်းမံပေးဖို့ လိုပါမယ်။

## တူညီတဲ့ ရှုထောင့်များ ဖန်တီးပါ

ပြဿနာ အရှုပ်အထွေးများ စူးစမ်းရာမှာ၊ အမြင်ချင်း ဖလှယ်ရာမှာ၊ ပြောင်းလဲမှုကို လေ့လာတဲ့အခါမှာ စည်းရုံးလှုံ့ဆော်ရေး တဖွဲ့လုံးကို ပူးပေါင်းပါဝင်စေပါ။ ဒီနည်းနဲ့ ပြဿနာဖြေရှင်းရန် ဖြစ်နိုင်ခြေအရှိဆုံး လုပ်ဆောင်မှုတခုအတွက် အကြံကောင်းများ ရလာနိုင်ပြီး စည်းရုံးလှုံ့ဆော်ရေး လုပ်နေစဉ်တွင်း အစဉ် စိတ်အားတက်ကြွစေမှုနဲ့ ပြဿနာအပေါ် အာရုံစူးစိုက်မှု အားကောင်းစေပါတယ်။ ဘုံအမြင်များ ရရှိလာစေရန် ဖန်တီးခြင်းဟာ လိုအပ်ရင် လိုအပ်သလို လက်တွေ့ အသုံးချနေတဲ့ နည်းလမ်းကို ညှိဖို့နဲ့ စောင့်ကြည့်ဖို့အတွက် အကူအညီ ဖြစ်စေပါတယ်။

သင်ခန်းစာ ၁။ ပြဿနာ၊ အဖြေ၊ အပြောင်းအလဲ

1. စည်းရုံးလှုံ့ဆော်ရေး အသင်းမှာ ဖြေရှင်းဖို့ ဦးတည်ထားတဲ့ ပြဿနာနဲ့ ပတ်သတ်လာရင် အဖွဲ့အနေနဲ့အတူ ဆွေးနွေးပြီးမှ ဆုံးဖြတ်ပါ။ ပြဿနာနဲ့ပတ်သက်ပြီး ဖြစ်နိုင်သမျှ ဆန့်ကျင်ဖက် ရလဒ်များကို အသေးစိတ် ရှင်းလင်းပါ။
2. အောက်ဖော်ပြပါ မေးခွန်းကို အဖွဲ့ထဲမှာပါတဲ့ လူတိုင်း ဖြေကြည့်ပါ။

   လက်ရှိ ပြဿနာ မရှိတော့တဲ့အခါ ဖြစ်လာနိုင်တဲ့ ကမ္ဘာ့အခြေအနေ ဘယ်လိုဖြစ်နိုင်မလဲ။

   - စကားလုံးများ၊ သရုပ်ဖော်ပုံများ၊ ပုံကားချပ်များကို အသုံးပြုပါ။
   - အကန့်အသတ်မဲ့ အရင်းအမြစ်များကို ထည့်တွက်ပါ။ (ဥပမာ- ပိုက်ဆံ၊ အာဏာ၊ စသဖြင့်)
   - အဆိုပြုကမ္ဘာနဲ့ ပတ်သက်ပြီး ရလာနိုင်တဲ့ အကျိုးအမြတ်များကို ဆွေးနွေးစာရင်းပြုပါ။

3. စည်းရုံးလှုံ့ဆော်ရေးအတွက် တဦးချင်းရဲ့ မျှော်မှန်း အနာဂတ်အမြင်တွေကို ဘုံအမြင်ဖြစ်အောင် ဖန်တီးယူပါ။ မျှော်မှန်းထားတဲ့ ကမ္ဘာဆီရောက်ဖို့ ဘယ်လုပ်ရှားမှုမျိုး အပြောင်းအလဲမျိုးက ပြဿနာကို ပြေလည်သွားစေမယ်ဆိုတဲ့ အကြောင်းအရာများကို ထဲထဲဝင်ဝင် ဆွေးနွေးပါ။ ဒီလိုဆွေးနွေးခြင်းက စည်းရုံလှုံ့ဆော်ရေးကို မျက်ခြေမပြတ်စေနိုင်တော့ပါဘူး။ စည်းရုံးလှုံ့ဆော်ရေးနဲ့ ပတ်သက်သမျှ အားလုံးကို ဆွေးနွေးပါ။ စည်းရုံးရေးငယ်များ အဖြစ် ခွဲဖြာသွားသင့်မသင့် ဆုံးဖြတ်ပါ။ အကယ်၍ ခွဲဖြာသွားခဲ့မယ် ဆိုရင် စည်းရုံးလှုံ့ဆော်ရေး ဦးတည်ချက်ကို ကျဉ်းမြောင်းအောင် လုပ်မလား သို့မဟုတ် စုပေါင်း စည်းရုံးလှုံ့ဆော်ရေး နည်းဗျူဟာတခု ဖန်တီးမလားလို့ ရွေးချယ်စရာ ရှိပါတယ်။

## စည်းရုံးလှုံ့ဆော်ရေး အစုအဖွဲ့ဝင်များအကြောင်း သိနားလည်ခြင်း။

အစုအဖွဲ့ဝင်များလို့ ဆိုရာမှာ လူများ၊ အဖွဲ့များ၊ အဖွဲ့အစည်းများ သို့မဟုတ် ဒီအရေးကိစ္စနဲ့ ဆက်နွယ်နေတဲ့ အဖွဲ့အစည်းကြီးများ အားလုံးပါဝင်ပါတယ်။ ဒီလူတွေ အဖွဲ့အစည်းတွေ အားလုံးက လူသိထင်ရှား ရိုက်ခတ်နေတဲ့ အရေးကိစ္စနဲ့ ပတ်သက်ပြီး ကိုယ့်ကို ထောက်ခံပေးနိုင်တယ်။ သူတို့မှာ အခြေအနေကို ပြောင်းပစ်နိုင်တဲ့ စွမ်းအားရှိနေပြီး ပြဿနာရဲ့ တရားခံများတောင် ဖြစ်နိုင်တယ်။ ဒါကြောင့် ဒီအစုအဖွဲ့ဝင်များအကြောင်း တတ်နိုင်သမျှ လေ့လာထားဖို့က စည်းရုံးလှုံ့ဆော်ရေး တခုကို ပြင်ဆင်ရာမှာ အရေးကြီးတဲ့ အချက်တခု ဖြစ်တယ်။

- အစုအဖွဲ့ဝင်တွေနဲ့ ပြဿနာတွေကြားက ပတ်သက်မှုနဲ့ ကိုယ့်အဆိုပြု ဖြေရှင်းချက်တွေကို နားလည်ထားဖို့ လိုမယ်။
- ကွဲပြားတဲ့ အစုအဖွဲ့ဝင်တွေကြားက ပတ်သက် ဆက်နွယ်မှုများကို ကောက်ချက်ချပါ။
- စည်းရုံးရေးကို ထိခိုက်စေမယ့်၊ အကူအညီ ဖြစ်စေနိုင်မယ့် အစုအဖွဲ့ဝင်များ စွမ်းရည်နဲ့ စိတ်အားထက်သန်မှုကို ပိုင်းဖြတ်ပါ။
- လိုချင်တဲ့ ပြောင်းလဲမှုမျိုး ဖန်တီးနိုင်ဖို့ ဘယ်အစုအဖွဲ့ကို အာရုံစိုက်သင့်တယ် ဆိုတာ ဆန်းစစ်ပါ

### သင်ခန်းစာ ၂။ အစုအဖွဲ့ဝင်များနဲ့ သူတို့ ပတ်သက်မှုများကို ပုံဖယားရေး စီစဉ်ခြင်း။

အရေးကိစ္စနဲ့ပတ်သက်တဲ့ အစုရှယ်ယာတွေအတွက် ပုံဖယားရေးခြင်းဖြင့် ယင်းရှယ်ယာများကို စက်ဝိုင်းများ သို့မဟုတ် ကြက်ခြေခတ် အမှတ်အသားများအဖြင့် ကိုယ်စားပြုနိုင်ပြီး ယင်းတို့ ပတ်သက်မှုများကို မျဉ်းကြောင်းများ ဆက်ခြင်းဖြင့် ဖော်ပြနိုင်ပါတယ်။ ဒီနေရာမှာ အမှတ်အသားများကို လိုရင် လိုသလို ပြောင်းပစ်ရမှာ ဖြစ်တဲ့အတွက် ကပ်ခွာစက္ကူများ (post-it-notes) များသုံးဖို့ အကြံပေးလိုပါတယ်။

1. စည်းရုံးလှုံ့ဆော်ရေးအဖွဲ့က ထောက်ပြချင်နေတဲ့ ပြဿနာရဲ့ ရေသောက်မြစ်ဖြစ်တဲ့ အပြန်အလှန် ထိခိုက်မှုများကို အကြောင်းဆွေးနွေးပါ။ ပြဿနာကို ဖန်တီးသူက ဘယ်သူလဲ။ ဘယ်သူတွေကို ထိခိုက်သွားသလဲ။ ဘာကြောင့် ဒီသီးခြားတည်ရှိနေတဲ့ အစုအဖွဲ့တွေက ဆက်စပ်နေရတာလဲ။
2. အစုရှယ်ယာများအနေနဲ့ သတ်မှတ်ထားတဲ့ ကြက်ခြေခတ်များကြားက ဘယ်တခုက အပြောင်းအလဲလုပ်ရန် အသင့်ဆုံးလဲ ဆိုတာ မသိမချင်း မှတ်စုယူဖို့ မပျက်ကွက်ပါနဲ့။
3. ဒီကြက်ခြေခတ်များအကြား ဘယ်လို အပြန်အလှန် ထိခိုက်စေခြင်းမျိုး ရှိသလဲ ဆန်းစစ်ပါ။
4. ဒီကြက်ခြေခတ်များ အားလုံးကို ပုံဖယားရဲ့ ဗဟိုမှာ ထားပါ။
5. ပုံဖယားပေါ်မှာ အဓိက ဆွဲထုတ်ထားတဲ့ ဒီကြက်ခြေခတ်တွေနဲ့ တခြား အမှတ်အသားတွေကြားက ပတ်သက်မှုကို ဆန်းစစ်ပါ။ ဒေသတွင်းကစပြီး ပြည်နယ်အလိုက်၊ နိုင်ငံတွင်းအလိုက်၊ နိုင်ငံတကာအလိုက်နဲ့ တကမ္ဘာလုံးဆိုင်ရာဆီထိ ဦးတည်ပါ။ ပြဿနာပေါ် မူတည်ပြီး ပုံဖယားပေါ်က ကြက်ခြေခတ်များကို အဆင့် ၂ ဆင့်ထက်မက အဆင့်များခွဲပြီး ချဲ့ထွင်ပါ။ -

- ပထမအဆင့် - အချက်အချာကျတဲ့ ကြက်ခြေခတ်များနဲ့ တိုက်ရိုက် ပတ်သက်နေတဲ့ အဖွဲ့များ။ (မိသားစုများ၊ ဒေသတွင်း)
- ဒုတိယအဆင့် - ပထမအဆင့် အဖွဲ့အစည်းများနဲ့ ပတ်သက်တဲ့ အခြားအဖွဲ့များ။ (မြို့နယ်၊ နိုင်ငံတွင်း)
- တတိယအဆင့် - အရေးကိစ္စအပေါ် သက်ရောက်နေတဲ့ အထွေထွေအမြင်များအတွက် ကြက်ခြေခတ် အမှတ်အသားများ။ (နိုင်ငံတကာ၊ အသင်းအပင်းများ)

6. <="" span="">
   - အာဏာ
   - နှစ်ဦးနှစ်ဖက် အမြတ်အစွန်း
   - အငြင်းပွားမှုများ
   - ဖြစ်နိုင်ခြေ အလားအလာကောင်းများ

အစုရှယ်ယာဝင် များနိုင်သမျှများများကို ပုံကားချပ်ပေါ်မှာ ထည့်သွင်းနေရာ ချပြီးချိန်မှာတော့ အရေးကိစ္စနဲ့သူတို့ ပတ်သက်မှုကို ပြတဲ့ ရုပ်ပုံကားချက်တခု ရပါလိမ့်မယ်။ နောက်တဆင့်ကတော့ ဒီအစုအဖွဲ့ဝင်တွေဆီက လိုချင်တဲ့ အပြောင်းအလဲရအောင် ဘယ်လို အကူအညီမျိုးရမလဲ ခွဲခြမ်းစိတ်ဖြာပါ။

ဒီအကြောင်းနဲ့ ပတ်သက်ပြီး ပိုလေ့လာချင်ရင်တော့ လူ့အခွင့်အရေး နည်းနာဆိုင်ရာ ပုံထုတ်ခြင်း နည်းနာသစ်များမှာ သွားကြည့်နိုင်ပါတယ်။- .

သင်ခန်းစာ ၃ - အစုအဖွဲ့ဝင်များဆီမှ ပစ်မှတ်ဆီသို့

တိကျသေချာပြီးသား ရည်မှန်းချက်များကို စတင်အနက်ဖွင့်ပါ။ အစုအဖွဲ့ဝင် တယောက်ချင်းစီရဲ့ ထောက်ခံမှုအဆင့်များနဲ့ ရည်မှန်းချက်များအပေါ် လွှမ်းမိုးနိုင်မှုကို ထည့်စဉ်းစားပါ။

1. ရိုးရှင်းပြီး တက်ကြွတဲ့ အသုံးအနှုန်းများ သုံး၍ ဘယ်အရာက ပြဿနာကို ဖြေရှင်းပေးပြီး လိုချင်တဲ့ အပြောင်းအလဲကို ယူလာပေးမလဲ ဆုံးဖြတ်ပါ။ ရည်မှန်းချက်များက တိကျမှု၊ တိုင်းတာမှု၊ ပြည့်မီနိုင်ခြေ၊ လက်တွေ့ကျခြင်းနဲ့ အချိန်မီပြီးစီးနိုင်ခြေများ ရှိသင့်ပါတယ်။
2. အထက်မှာ ဖော်ပြခဲ့တဲ့ အစုအဖွဲ့စာရင်းများကို သုံးပြီး ဘယ်အဖွဲ့က ရည်မှန်းချက်ကို ပြည့်မီအောင် ကူညီပေးနိုင်မယ် ဆိုတာ ဆန်းစစ်ပါ။
3. စာရွက်အလွတ် ခပ်ကြီးကြီးမှာ ဒေါင်လိုက်၊ အလျားလိုက် ဝင်ရိုးမျဉ်းများဆွဲပါ။ (ဖော်ပြပါအတိုင်း) ပြီးလျှင် အစုအဖွဲ့များကို ဖော်ပြပါအတိုင်း နေရာချပါ။




4. 
   - ဒေါင်လိုက် ဝင်ရိုးဟာ သင့်ရဲ့ ဦးတည်ချက် ပန်းတိုင်ကို ပြည့်မီရာမှာ လွှမ်းမိုးမှု အရှိဆုံး (ထိပ်) ကနေ လွှမ်းမိုးမှု အနည်းဆုံး (အောက်ခြေ) အထိ သူတို့ရဲ့ လွှမ်းမိုးမှု အဆင့်ကို ကိုယ်စားပြုတယ်။
   - အလျားလိုက်မျဉ်းကတော့ ထောက်ခံနိုင်ခြေနှင့် အတိုက်အခံပြုခြေ ရှိမှုများအတွက် ဖြစ်ပါတယ်။

5. အစုအဖွဲ့များအားလုံးကို စာရွက်ပေါ်မှာ ချရေးပြီးချိန်တွင်တော့ အပြောင်းအလဲ ဖြစ်အောင် လုပ်နိုင်တဲ့ လွှမ်းမိုးနိုင်ဆုံး အစုအဖွဲ့များ သို့မဟုတ် အလားအလာကောင်းတဲ့ မူလပစ်မှတ်များ ဖြစ်လာနိုင်တဲ့ သီးခြားအဖွဲ့များကို ခွဲထုတ်ပါ။ ဒီအပြောင်းအလဲအတွက် သူတို့ဆီ လာနိုင်တဲ့ ထောက်ခံမှုနဲ့ ဆန့်ကျင်နိုင်စွမ်းပကား အဆင့်များကိုလည်း သတိပြုပါ။
6. ဒီသီးခြား အဖွဲ့များနှင့် အခြားအစုအဖွဲ့ဝင်များရဲ့ ပတ်သတ်နေမှုအကြောင်း ဆွေးနွေးပါ။ ဘာလို့လဲဆိုတော့ ဒီအကြောင်းနဲ့ ပတ်သတ်တဲ့ သတင်းအချက်အလက်များကို သင်ခန်းစာ ၂ ပုံကားချက်ပေါ်မှာ ထည့်ထားပြီးသားဖြစ်နိုင်ပါတယ်။
7. ထောက်ခံတဲ့ အစုအဖွဲ့ဝင်များရဲ့ မူလပစ်မှတ်ထားတဲ့ အဖွဲ့များအပေါ် ပတ်သက်မှုများနဲ့ လွှမ်းမိုးမှုများကို ဆန်းစစ်ပါ။ ဒီဒုတိယအဆင့် ပစ်မှတ်များ သို့မဟုတ် ပူးပေါင်းပါဝင်တဲ့ အဖွဲ့များဟာ စည်းရုံးလှုံ့ဆော်ရေးရဲ့ ရည်မှန်းချက် အောင်မြင်အောင် လုပ်ဆောင်တဲ့နေရာမှာ တက်တက်ကြွကြွ ပါဝင်လာနိုင်တယ်။ ဇယားမှာ သူတို့ကိုပါ ထည့်သွင်းပြီး ပါဝင်နေတဲ့ အဖွဲ့တွေထဲက အာရုံစိုက်သင့်လောက်တဲ့ ၂ ခု ၃ ခုလောက်ကိုလည်း ခွဲခြားပါ။

(The Change Agency's Power Mapping exerciseကနေ ဆီလျော်အောင် ယူထားတယ်။).)

သင်ခန်းစာ - ၄။ ပစ်မှတ်များမှ နည်းဗျူဟာများဆီသို့

စည်းရုံးလှုံ့ဆော်ရေးအဖွဲ့ ဘယ်သူတွေနဲ့ ဆက်သွယ်နေရမယ်၊ ပြဿနာမှာ ပါဝင်နေတဲ့ သီးခြား အဖွဲ့အစည်းတွေနဲ့ ဘယ်လိုပတ်သတ်နေရမယ် ဆိုတာကို လေ့လာပြီး ချိန်မှာတော့ ပစ်မှတ်နဲ့ ပါဝင်နေတဲ့ အဖွဲ့များကို ထောက်ပြဖို့ ဘယ်နည်းဗျူဟာက အကောင်းဆုံးလဲ ဆိုတာ စဉ်းစားနိုင်ပါပြီ။

1. စက်ဝိုင်းခြမ်းပုံတခု ဆွဲပါ၊ ပြီးရင် လိမ္မော်သီးစိတ်လို အပိုင်းများခွဲလိုက်ပါ။ စည်းရုံးရေးကို အထောက်ခံဆုံးသူတွေကို ဘယ်ဘက်တွင် နေရာချပြီး အတိုက်အခိုက် အပြုဆုံးသူများအတွက် ညာဘက်ကို သတ်မှတ်ထားပါ။




2. ပုံကားချက်နဲ့ ကပ်ခွာစက္ကူများကို အသုံးပြုပြီး ပစ်မှတ်များနဲ့ ထောက်ခံသူများကို ထောက်ခံမှု အတိုင်းအတာအတိုင်း အစဉ်လိုက်ထားပါ။ ရလဒ်ကတော့ ပင်မနဲ့ ဒုတိယ အဆင့်လိုက် အချို့ အစုအဖွဲ့ဝင်များကို သူ့နေရာအလိုက် ရရှိသွားမှာပဲ ဖြစ်ပါတယ်။ အပိုင်း ငါးပိုင်း ခွဲထားတဲ့ စက်ဝိုင်းခြမ်းထဲမှာ ပါဝင်သင့်တာများကတော့ -
   a. လှုပ်ရှားဆဲ မဟာမိတ်များ၊ ရည်မှန်းချက်အောင်မြင်ဖို့ အပြည့်အဝ ထောက်ခံသူများနဲ့ လှုံ့ဆော်ပေးမည့်သူများ
   b. အောင်မြင်မှုဆီမှတဆင့် အကျိုးအမြတ်ရရှိမယ့် မဟာမိတ်
   c. မပါဝင်တဲ့ သို့မဟုတ် ထိခိုက်မခံရတဲ့ ကြားနေအဖွဲ့အစည်းများ
   d. ကိုယ့်အောင်မြင်မှုကြောင့် ထိခိုက်နိုင်တဲ့ အတိုက်အခံပြုသူများ
   e. လှုပ်ရှားမှုများတွင် တက်ကြွစွာ ဝင်စွက်ဖက်နိုင်တဲ့ တက်ကြွဆန့်ကျင်သူများ
3. ဒီဇယားကို အသုံးပြုပြီး အစုအဖွဲ့ တခုချင်းဆီရဲ့ စက်ဝန်းခြမ်းပေါ် တည်ရှိနေမှုကို မူတည်ပြီး ဘယ်နည်းဗျူဟာ အသင့်တော်ဆုံးဖြစ်မယ် ဆိုတာ ဆုံးဖြတ်ပါ။
   a. ထောက်ခံအားပေးမှုအတွက် ဆော်ဩစည်းရုံးရေး နည်းဗျူဟာသုံးပါ
   b. ကြားနေများအတွက် ပညာရေးဆိုင်ရာ၊ ရှုမြင်နိုင်တဲ့ နည်းဗျူဟာ သုံးပါ
   c. အတိုက်အခံများအတွက် ဝင်ရောက် စွက်ဖက်ခြင်းနှင့် အနှောက်အယှက်ပေးခြင်း နည်းလမ်းသုံးပါ

(New Tactics in Human Rights' Spectrum of Allies exerciseမှ ဆီလျော်အောင် ယူထားတယ်။.)

Namita Sigh နဲ့ Ali Gharavi က Tactical Tech က ပူးပေါင်းပြီး ဒီကဒ်ကို ဖန်တီးထားပါတယ်။.

ဘာကိုဦးတည်လုပ်ကိုင်ရမလဲဆိုတာကို မဟာဗျူဟာက သေချာမှတ်ပေးတယ်။ ရည်ရွယ်ချက်၊ ဦးတည်ချက်တွေ အထမြောက်အောင်မြင်ရေးအတွက် လက်တွေ့လုပ်ကိုင်ဆောင်ရွက်တာကို နည်းဗျူဟာလို့ခေါ်တယ်။ ဒီလိုလုပ်ကိုင်ရာမှာ ပထမဦးဆုံးလုပ်ရတာကတော့ ထိတွေ့လုပ် ကိုင်ရခြင်းဖြစ်တယ်။ အဖွဲ့အစည်းရဲ့ လုပ်ငန်းပိုင်းဆိုင်ရာအတွင်းပိုင်းမှာဆိုရင် ကုန်ပစ္စည်းတစ်မျိုးမျိုး၊ သို့မဟုတ် ထုတ်လုပ်ခြင်းနဲ့ထိတွေ့ရတာဖြစ်တယ်။ လုပ်ငန်းရဲ့အပြင်ပိုင်းမှာတော့ မိမိတို့နဲ့ဆက်ဆံရတဲ့ ဝယ်ယူသူတွေ၊ ဝန်ဆောင်မှုအသုံးပြုသူတွေနဲ့ ထိတွေ့ရတာဖြစ်တယ်။ အဲဒီလိုထိတွေ့ရတာဟာ နည်းဗျူဟာအရေးကြီးတဲ့ကိစ္စ တစ်ရပ်ဖြစ်တယ်။ ဒီကိစ္စကိုအခြေခံပြီး နည်းဗျူဟာတစ်နည်းအားဖြင့်လုပ်နည်းလုပ်ဟန်တွေကို မဖြစ်မနေပြောင်းလဲသွားရတာဖြစ်တယ်။

မဟာဗျူဟာဆိုင်ရာ ဦးတည်ရည်မှန်းချက်တွေကိုမပြောင်းလဲဘဲ အမြဲထိန်းထားရပေမယ့် နည်းဗျူဟာဆိုတဲ့ လုပ်နည်းလုပ်ဟန်များကတော့ အချိန်အခါနဲ့ အခြေအနေတွေကိုလိုက်ပြီးအပြောင်းအလဲလုပ်ပေးရတယ်။ လက်ရှိဖြစ်ပေါ်နေတဲ့ အခြေအနေများနဲ့ ညီညွတ်အောင် လုပ်ကြရပါတယ်။

အဲဒီလိုလုပ်ရာမှာလည်း မိမိတို့ကတော့ အသာစီးရနိုင်တဲ့နေရာမှာ ပြောင်းလဲတိုက်ယူရတာဖြစ်တယ်။ စစ်ပွဲပေါင်းသုံးရာကို လေ့လာကြည့်တဲ့ ခြောက်ပွဲအရှေ့တည့်တည့်က ဝင်ရောက်တိုက်ခိုက်လို့အောင်မြင်ခဲ့တာ ဖြစ်ကြောင်းတွေ့ရမယ်။ “ရင်ဆိုင်တိုက်ပွဲ” ဆိုပြီး သဘောကျလောက်အောင် အမှန်းတင်ပြောဆိုနေကြပေမယ့် အရှုံးနဲ့ပဲရင်ဆိုင်နေရတာဖြစ်တယ်။ အခြေအနေကြည့်ပြီး ဆုတ်တက်လှုပ်ရှားစစ်ဆင်ရေးများကတော့ အောင်ပွဲခံကြရတာအများဆုံးဖြစ်တယ်။ အကောင်းဆုံးလုပ်နည်းလုပ်ဟန်တွေဆိုတာ အတွေ့အကြံုတွေပေါ်မှာ အခြေခံထားတာ ဖြစ်တယ်။ အတွေ့အကြံုရှိထားရင်ကျိုးကြောင်းဆီလျော် အောင်လုပ်ကိုင်လာနိုင်တယ်။

လုပ်နည်းလုပ်ဟန်များကို စဉ်းစားတဲ့အခါ မိမိတို့ရဲ့ကုန်ပစ္စည်း၊ ဒါမှမဟုတ်ဝန်တောင်မှုကိုဝယ်ယူသုံးစွဲကြသူတွေကိုအဓိကထားကြည့်ပါ။ လုပ်ငန်းအောင် မြင်နိုင်ဖို့အတွက်အရေးအကြီးဆုံးက အဲဒီလူတွေက ဘာကိုလိုချင်နေတာလဲဆိုတာသိဖို့ လိုတယ်။ ဥပမာအားဖြင့်  (Contgra) ဆိုတဲ့လုပ်ငန်းဟာ အေးခဲထားတဲ့ အစားအသောက်များကို စားရိတ်ကျဉ်းကျဉ်းနဲ့ များများစားစား ထုတ်လုပ်နိုင်တယ်။ ဒါပေမယ့် စားသုံးသူတွေလိုချင်တာက အရသာလဲရှိ၊ ကျန်းမာရေးနဲ့လည်း

ညီညွတ်တဲ့အစားအသောက်တွေပဲဖြစ်တယ်။ ဒီတော့ သူ့ဝန်ထမ်းတွေကို ချက်ပြုတ်နည်းသင်တန်းကျောင်းတက်ခိုင်းလိုက်တယ်။ အဲဒီကရတဲ့ အသိပညာနဲ့ လုပ်ကိုင်လိုက်တော့ ဈေးကွက်မှာရောင်းကောင်းပြီး နာမည်တက်သွားတယ်။

ဆွန်ဇူးက အောက်ပါအတိုင်း မိန့်ကြားပါတယ်။

ယေဘုယျအားဖြင့် စစ်ပွဲမှာစစ်ဗိုလ်ချုပ်ဟာဘုရင်ထံမှ အမိန့်များကိုနာခံရတယ်။ စစ်သည်တွေကိုစုစည်းရတယ်။ ပြည်သူတွေကို စည်းရုံးရတယ်။ သွားရေးလာရေးခက်ခဲတဲ့နေ့တွေမှာ စစ်စခန်းမချပါနဲ့။ အဝေးသွားလမ်းမကြီးတွေရှိတဲ့ နေရာမှာဆိုရင်မဟာမိတ်တွေနဲ့ လက်တွဲဆောင်ရွက်ပါ။ အရေးကြီးတဲ့နေရာတွေမှာ ကြာရှည်မနေနဲ့ ကျဉ်းထဲကျပ်ထဲရောက်နေပြီဆိုရင်တော့ အရိုးကျေကျေအရေခမ်းခမ်းတိုက်ခိုက်ပါ။ တချို့လမ်းမတွေကို မသွားရဘူး။ တချို့ရန်သူ စစ်သားတွေကို မတိုက်ရဘူး။ တချို့မြို့တွေကို မတိုက်ရဘူး။ တချို့နယ်မြေတွေကို ဝင်မလုရဘူး။ ဘုရင်ရဲ့တချို့ အမိန့်တော်တွေကို မလိုက်နာရဘူး။

ဒါကြောင့် ဘယ်လုပ်နည်းလုပ်ဟန်တွေကိုပြောင်းလိုက်ရင် ဘယ်လိုအကျိုးရမယ်ဆိုတာသိတဲ့ဗိုလ်ချုပ်ဟာ အဲဒါတွေကိုဘယ်လိုအသုံးချမလဲဆိုတာ သိတယ်။

ဉာဏ်အမြော်အမြင်ရှိတဲ့ ဗိုလ်ချုပ်ဟာအကျိုးရှိတဲ့အချက်တွေရော အကျိုးမရှိမယ့်အချက်တွေပါထည့်သွင်းစဉ်းစားရမယ်။ ဒီနည်းအားဖြင့်သူဟာ အစီအစဉ်များကိုလိုအပ်သလို ဆုတ်သာ/တက်သာလုပ်ကိုင်တယ်။ ဖြစ်လာနိုင်တဲ့ ဘေးအန္တရာယ်တွေကိုလည်းရှောင်လွှဲသွားနိုင်တယ်။

**မန်နေဂျာရှုထောင့်မှ သုံးသပ်ချက်**

အောင်မြင်မှုဟာကိုယ့်ရဲ့ခွန်အားပေါ်မှာမူတည်တယ်။ ဒီခွန်အားကိုလိုသလိုသုံးလို့ရတယ်။ ရန်သူကပေးတဲ့ အခွင့်ကောင်းတွေပေါ်လည်းမူတည်တယ်။ အဲဒီအခွင့်ကောင်းတွေကတော့ဂုဏ်ယူလို့မရဘူး။

Nike ရဲ့အဆင့်မြင့်မန်နေဂျာများဟာ ဆော့ဝ်စဲဖန်တီးထုတ်လုပ်ရေးလုပ်ငန်းများရဲ့ နောက်ဆုံးလများဟာအရေးကြီးတဲ့ အစည်းအဝေးကျင်းပကြပါတယ်။ အဲဒီလုပ်ငန်းတွေထဲက ဘယ်အလုပ်တွေကိုဦးစားပေးလုပ်ရမလဲဆိုတာ အချင်းချင်းမညှာမတာပြတ်ပြတ်သားသား

ညှိနှိုင်းဆွေးနွေးကြတယ်။ ပါဝင်ဆွေးနွေးကြ တဲ့မန်နေဂျာများဟာ မိမိတို့လုပ်ပိုင်ခွင့်ထဲကနေလုပ်နိုင်သမျှအားလုံးကို တင်ပြကြတယ်။ အမြင်ချင်းဖလှယ်ကြရာမှ အဓိကထားတဲ့အချက်ကတော့ (စစ်ရေးအရဆိုရင်) " ဒါဟာ ကျုပ်တို့သေကြရမယ့် တောင်ကုန်းအလား" ဆို တဲ့ မေးခွန်းဖြစ်တယ်။ အားလုံးဆုံးဖြတ်ပြီးကြည့်ရင် အဲဒီဆုံးဖြတ်ချက်တွေကို အားလုံးကိုအသိပေးလိုက်တယ်။ ဒီအတိုင်းလူတိုင်း မိမိတို့လုပ်စရာရှိတာဆက်လုပ်ဖို့ဖြစ်တယ်။

Nike ကုမ္ပဏီကို ပူးတွဲတည်ထောင်သူတစ်ဦးဖြစ်သူ Philip Knight ဟာ Stamford တက္ကသိုလ်မှာ ဘွဲ့ယူစာတမ်းတစ်စောင်ရေးသားခဲ့တယ်။ ခေါင်းစဉ်က " ဂျပန်အားကစားရှူးဖိနပ်တွေနဲ့ယှဉ်နိုင်မလား ကင်မရာတွေကရောယှဉ်နိုင်မလား" ဆိုတဲ့ခေါင်းစဉ်တွေဖြစ်တယ်။ အဲဒီနောက် တစ်နှစ်ကြာမှာ သူဟာရှူးဖိနပ်လုပ်ငန်းကိုစတင်လုပ်ကိုင်တယ်။ ကျန်တာကတော့မှတ်တမ်းတွေမှာရှာကြည့်နိုင်ပါတယ်။ သူဟာ သူ့ရဲ့ဦးတည်ချက်ကိုသိတယ်။ သူ့ရဲ့ရှူးဖိနပ်လုပ်ငန်းကိုအောင်မြင်အောင် ဘယ်လိုနည်းတွေနဲ့လုပ်ရမလဲဆိုတာလည်းသိတယ်။ ဘယ်ယှဉ်ပြိုင်ပွဲမှာမဆို ပြိုင်ဘက်တွေရှိကြတဲ့အတွက် အနိုင်အရှုံးဆိုတာရှိမြဲဖြစ်တယ်။

လိုအပ်သလိုလုပ်နည်းလုပ်ဟန်ပြောင်းလဲပေးနိုင်တာဟာ ဖောက်သည်တွေကျေနပ်သဘောကျအောင် ဆောင်ရွက်ပေးနိုင်တဲ့ စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းသည်များစွာရဲ့ထင်ရှားတဲ့ အမှတ်လက္ခဏာတစ်ရပ်ဖြစ်တယ်။ ဝန်ထမ်းတွေလုပ်ဖော်ကိုင်ဖက်တွေကို သတ်မှတ်ထားတဲ့ လမ်းညွှန်ချက်စည်းမျဉ်းဘောင်ထဲကနေ ဖောက်သည်တွေစိတ်ချမ်းသာအောင် မိမိတို့ကိုယ်တိုင်ဆုံးဖြတ်ချက်များနဲ့ လုပ်ကိုင်ဆောင်ရွက်ခွင့်ရနေကြပါတယ်။

စီးပွားရေးလုပ်ကိုင်ရာမှာ မိမိတို့ရဲ့ရောင်းကုန်ပစ္စည်းများနဲ့ပတ်သက်ပြီး ထိုးစစ်ဆင်ရတာမျိုးရှိသလို ခံစစ်အနေနဲ့ လုပ်ကိုင်ရတာမျိုးတွေရှိတယ်။ အခြေအနေ အားလုံးအတွက်မဟာဗျူဟာနဲ့ နည်းပညာများကိုမပြောင်းလဲဘဲ ချသုံးလို့မရဘူး။ မန်နေဂျာဟာအားနည်းချက်တွေကို ဘယ်လိုပြုပြင်သွားမလဲ၊ အားသာချက်တွေကို ဘယ်လိုပိုတောင့်တင်းအောင်လုပ်မလဲ။ ဒါတွေလုပ်ဖို့ ဘယ်လောက်အချိန်ယူရမလဲဆိုတာသိဖို့ အရေးကြီးတယ်။ ဘယ်လိုအခြေအနေမှာပဲဖြစ်ဖြစ် ထိုးစစ်စိတ်ဓာတ်ကတော့ ရှိနေရမှာဖြစ်တယ်။ ဗိုလ်ချုပ် Grant ဟာ တိုက်ပွဲစစ်မြေပြင်မှာ

သူ့တပ်ကခရီးထက်ဝက်ရောက်သွားတဲ့အခါ တပ်သားတွေကို “ကျည်ဆန်တွေအမြန်ယူ၊ တိုက်ဖို့ပြင်ကြ။ ရန်သူလွတ်ထွက်မသွားစေနဲ့” လို့ အမိန့်ပေးပါတယ်။

# မဟာဗျူဟာနှင့် နည်းဗျူဟာ

EDITORIALS

PUBLISHED 20 APRIL 2018

အဖွဲ့အစည်းတစ်ရပ် အတွင်း၌ မဟာဗျူဟာအကြောင်းရော၊ နည်းဗျူဟာအကြောင်းပါ ပြောတတ်လေ့ရှိကြသည်။ ယင်းစကားနှစ်ရပ်သည် လူသုံးများပြီး အမြဲတစေ တွေ့ရှိနေရသော်လည်း ရောထွေးနေလေ့ရှိသည်။ မဟာဗျူဟာနှင့် နည်းဗျူဟာတို့အကြား လုံးဝ ကွဲပြားခြားနားချက်အနည်းငယ်ရှိသည်။ အတိုချုပ်ဆိုရလျှင် မဟာဗျူဟာသည် ရည်မှန်းချက်ပန်းတိုင်နှင့် ယင်းသို့မည်သို့မည်ပုံ ရောက်ရှိနိုင်သနည်းဟူသည်ကို ဖော်ပြသည်။ နည်းဗျူဟာသည် ရည်မှန်းချက်ပန်းတိုင်သို့ သွားရာလမ်းကြောင်းတစ်လျှောက် လုပ်ဆောင်ရမည့် အသေးစိတ်အချက်များကို ဖော်ပြသည်။

လွန်ခဲ့သည့်နှစ်ပေါင်း ၂၅၀၀ ခန့်က တရုတ်စစ်သေနာပတိ ဆွန်ဇူးက ‘စစ်ရေးအနုပညာ’ ဟူသည့် ကျမ်းကို ရေးသားခဲ့သည်။ ယင်း၌ သူက “နည်းဗျူဟာ မပါသော မဟာဗျူဟာသည် အောင်ပွဲသို့သွားရာ အနှေးကွေးဆုံး လမ်းကြောင်းဖြစ်ပြီး မဟာဗျူဟာမပါသော နည်းဗျူဟာသည် မရှုံးနိမ့်မီ ဆူညံဆူညံလုပ်ခြင်းသာဖြစ်သည်” ဟု ဆိုသည်။ နည်းဗျူဟာနှင့် မဟာဗျူဟာတို့သည် တစ်ခုနှင့်တစ်ခု ဆန့်ကျင်ဘက်မဟုတ်ကြပါ။ ၎င်းတို့သည် တစ်သင်းတည်း၌သာ ရှိကြသည်။ ၎င်းတို့သည် ရာစုနှစ်များစွာကြာအောင် အတူတကွ ရှိခဲ့ကြသည်။

မဟာဗျူဟာဟူသည် ရေရှည်ရည်မှန်းချက် ပန်းတိုင်များဖြစ်ပြီး ယင်းပန်းတိုင်များကို ရယူရန် အစီအစဉ်ချထားမှုများဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုသော် မဟာဗျူဟာများသည် မိမိတို့သက်ဆိုင်ရာ အဖွဲ့အစည်း၏ ရည်မှန်းရာခရီးကို ပေါက်မြောက်ရန် လိုအပ်သော လမ်းကြောင်းကို ပေးသည်။ နည်းဗျူဟာဟူသည် ပို၍အကောင်အထည်ကျပြီး ရည်မှန်းရာလမ်းတစ်လျှောက် ပိုမိုအသေးစိတ်သော ခြေလှမ်းများနှင့် ပိုမိုတိုတောင်းသော အချိန်သတ်မှတ်ချက်များဆီသို့ ရှေးရှုသည်။ နည်းဗျူဟာတွင် အကောင်းဆုံး ကျင့်သုံးမှုများ၊ အသေးစိတ်သော အစီအစဉ်များ၊ ရင်းမြစ်များ အစရှိသဖြင့် ပါဝင်သည်။ နည်းဗျူဟာတို့အား လမ်းညွှန်ချက်များဟုလည်း ခေါ်ဆိုလေ့ရှိသည်။

မဟာဗျူဟာသည် ရေရှည်သဘောကိုဆောင်ပြီး မဟာဗျူဟာအား အောင်မြင်အောင် လုပ်ဆောင်ပုံအပေါ် အခြေခံလျက် နည်းဗျူဟာများကို ပြောင်းလဲနိုင်သည်။ ဥပမာအားဖြင့် မိမိ၏ ဈေးကွက်မဟာဗျူဟာသည် မိမိတို့၏ ဩဇာလွှမ်းမိုးမှုနှင့် လူမှုမီဒီယာ၌ စွမ်းဆောင်မှုကို တိုးတက်အောင်ပြုလုပ်ရန် ဖြစ်ပါက နည်းဗျူဟာသည် မိမိတို့ အလုပ်အတွက် မည်သည့်ချန်နယ်သည် အကောင်းဆုံးဖြစ်သနည်းဟူသည်နှင့် မိမိ၏ ပရိသတ်အတွက် မည်သည့်မက်ဆေ့ချ်များက အကောင်းဆုံးအလုပ်ဖြစ်မည်ကို ဆုံးဖြတ်ရန်ဖြစ်သည်။

ပြီးမြောက်အောင်မြင်မှုဆီသို့ရောက်အောင် မဟာဗျူဟာနှင့် နည်းဗျူဟာတို့သည် အတူယှဉ်တွဲ လုပ်ဆောင်ကြရသည်။ မိမိ၏ မဟာဗျူဟာသည် တောင်တစ်လုံးကိုတက်ရန်ဖြစ်ပါက မဟာဗျူဟာ၏ အဓိက အစိတ်အပိုင်းတစ်ရပ်မှာ တောင်၏ မည်သည့်ဘက်ခြမ်းမှနေ၍ တက်မည်ကို ဆုံးဖြတ်ရန် ဖြစ်သည်။ ယင်း၌ နည်းဗျူဟာမှာ မည်သည့်ဝတ်စုံကို ဝယ်မည်၊ မိမိနှင့်အတူ မည်သူ့ကို ခေါ်သွားမည်၊ တောင်ပေါ်သို့ ရောက်ရန် မည်မျှအချိန်ယူမည်၊ မည်သည့်ရာသီ၌ တက်မည်၊ ခရီးစဉ်ကို မည်သို့ရေးဆွဲမည် အစရှိသည်တို့ ဖြစ်သည်။

မဟာဗျူဟာနှင့် နည်းဗျူဟာတို့သည် တစ်ခုနှင့်တစ်ခု အမြဲတမ်းကိုက်ညီမှုရှိရန် လိုအပ်သည်။ မိမိအနေဖြင့် သက်ဆိုင်ရာ စီမံကိန်းတစ်ရပ် (နည်းဗျူဟာတစ်ရပ်) ကို နှစ်သက်နေသော်လည်း ယင်းနည်းဗျူဟာသည် မိမိ၏ ရေရှည်မဟာဗျူဟာနှင့် ကိုက်ညီရန် လိုအပ်သည်။ ထို့ကြောင့် မဟာဗျူဟာက မိမိအဖွဲ့အစည်းအား မည်သည့်နည်းဗျူဟာ ကျင့်သုံးသင့်သည်ကို အသိပေးသည်။

ထို့ကြောင့် မည်သည့်အလုပ်ကို လုပ်ဆောင်ရာ၌မဆို ကောင်းမွန်သည့် မဟာဗျူဟာ လိုအပ်သကဲ့သို့ ယင်းနှင့်ကိုက်ညီမည့် နည်းဗျူဟာများကို ချမှတ်နိုင်ရန်လည်း အရေးကြီးပါကြောင်း The Daily Eleven သတင်းစာက ရေးသားအပ်ပါသည်။

**ဧပြီလ ၂၀ ရက်နေ့ထုတ် The Daily Eleven သတင်းစာ အယ်ဒီတာ့အာဘော်**

# တော်လှန်ရေး နည်းဗျူဟာဆိုင်ရာ ပေးစာများ (Letters on Tactics by V.I. Lenin)

V.I. Lenin

14 December 2020

Share

Tweet

■စကားဦး

၁၉၁၇ရခုနှစ်၊ ဧပြီလ (၄)ရက်နေ့မှာ ခေါင်းစဉ်ပါ အကြောင်းအရာနဲ့ ပတ်သက်လို့ အစီရင်ခံစာ တင်ပြခွင့် ရခဲ့ တယ်။ ပီထရိုဂရက်မြို့တော်က ဘော်ရှီဗစ် အစည်းအဝေးမှာ ပထမဆုံး တင်ပြခွင့်ရခဲ့တယ်။ ဒီအစည်းဝေးမှာ မိမိနေအိမ်ကို စွန့်ခွာပြီး အလုပ်သမား၊ စစ်သား ဆိုဗီယက်တွေရဲ့ ရပ်ရွာတပြည်လုံးဆိုင်ရာ ကွန်ဖရင့်ကို တက် ရောက်ကြမယ့် ကိုယ်စားလှယ်တွေ ရှိနေတော့ ဒီတင်ပြချက်တွေကို နေ့ရွှေ့ညရွှေ့ လုပ်လို့ မရတော့ဘူး။ ဒီအ စည်းဝေးပြီးတော့ သဘာပတိ ဖြစ်တဲ့ ရဲဘော် G. Zinoviev က အစည်းအဝေး တက်လာသူတွေရဲ့ ကိုယ်စား ဒီ အစီရင်ခံစာကို ဘော်ရှီဗစ်၊ မင်ရှီဗစ် ကိုယ်စားလှယ်များ ပူးတွဲအစည်းအဝေးမှာ ထပ်မံ တင်ပြပေးဖို့

တောင်းဆို လာတယ်။ အဲဒီ ပူးတွဲအစည်းအဝေးမှာ ရပ်ရှား ဆိုရှယ်ဒီမိုကရက်တစ် လေဘာပါတီ ပေါင်းစည်းရေး ပြဿနာကို ဆွေးနွေးချင်ကြတယ်။

ဒီအစီရင်ခံစာကို နောက်တကြိမ် ချက်ချင်းလက်ငင်း ထပ်တင်ပြဖို့ရာ ခက်ခဲပေမယ့်လည်း ကျနော့ရဲဘော်တွေနဲ့ မင်ရှီဗစ်တွေက တောင်းဆိုလာတဲ့အခါ ငြင်းဖို့အခွင့်မသာတော့။ သူတို့တတွေဟာ မကြာခင် ခွဲခွာကြရတော့မှာ ဖြစ်လို့ အချိန်ရွှေ့နေလို့လည်း မဖြစ်တော့။

၁၉၁၇ခုနှစ်၊ ဧပြီ(၇)ရက်နေ့က ထုတ်ဝေခဲ့တဲ့ Pravda အမှတ်စဉ်(၇)မှာ ဖော်ပြပြီးသား စစ်တမ်းတွေကို အစီရင် ခံစာ အဖြစ် ဖတ်ကြားခဲ့ခြင်း ဖြစ်တယ်။ ဒီစစ်တမ်းတွေကော၊ အစည်းအဝေးမှာ တင်သွင်းခဲ့တဲ့ အစီရင်ခံစာကော ၂ခုလုံးဟာ ဘော်ရှီဗစ်တွေကြားမှာ သဘောထားကွဲလွဲမှုတွေ ဖြစ်စေခဲ့သလို ပရား(ဗ်)ဒါသတင်းစာ အယ်ဒီတာ တွေကြားမှာလည်း သဘောထားကွဲလွဲမှုတွေ ဖြစ်စေခဲ့တယ်။ အကြေအလည် ဆွေးနွေးပြီးတဲ့နောက် သဘော ထားကွဲလွဲမှုတွေကို ပွင့်ပွင့်လင်းလင်း ချဆွေးနွေးတာ ကောင်းလိမ့်မယ်လို့ တညီတညွတ်တည်း သုံးသပ်ခဲ့ကြ တယ်။ ဒါ့ကြောင့်ပဲ ၁၉၁၇ခုနှစ်၊ ဧပြီလ ၂၀ရက်နေ့မှာ ပြုလုပ်မယ့် ငါတို့ပါတီ (ဗဟိုကော်မတီ အောက်စုစည်း ထားတဲ့ ရပ်ရှား ဆိုရှယ် ဒီမိုကရက်တစ် လေဘာပါတီ) ရဲ့ရပ်ရှားတပြည်လုံး ကွန်းဖရင့်မှာ တင်သွင်းဖို့ ဒီအစီရင် ခံစာကို ပေးထားတယ်။

ဆွေးနွေးဖို့ ချမှတ်ထားတဲ့ ဆုံးဖြတ်ချက်နဲ့အညီ ဒီပေးစာတွေကို ကျနော် ရေးသားဖြန့်ချိလိုက်ခြင်း ဖြစ်တယ်။ ဒီ စာတွေထဲမှာ ဆွေးနွေးကြမယ့် ပြဿနာနဲ့ ပတ်သက်လို့ အပြည့်အစုံ လေ့လာထားပြီးပြီလို့ မဆိုထားဘူး၊ အလုပ် သမား လှုပ်ရှားမှုရဲ့အဓိက လုပ်ငန်းတာဝန်တွေ ထမ်းဆောင်ဖို့ရာ အင်မတန်

အရေးကြီးတဲ့ အခြေခံ အချက် တွေကို အကြမ်းဖျင်း ဆွေးနွေးထားရုံသာ ဖြစ်ပါတယ်။

■ပထမပေးစာ

■လက်ရှိအခြေအနေကို သုံးသပ်ခြင်း

မာ့(ခ်စ်)ဝါဒအရ ချဉ်းကပ်ရင် သက်ဆိုင်ရာ သမိုင်းခေတ် အခြေအနေရဲ့ အခိုင်အမာ ဝိသေသတွေနဲ့ လူတန်းစား ဆက်ဆံရေးတွေကို တိတိကျကျနဲ့ ဆန္ဒစွဲကင်းကင်း သုံးသပ်ကြဖို့ လိုအပ်တယ်။ ကျနော်တို့ ဘော်ရှီဗစ်တွေဟာ ဒီလိုအပ်ချက်ကို ပြည့်မီအောင် အမြဲကြိုးစားကြတယ်။ ဒါဟာ ပေါ်လစီတခုကို သိပ္ပံနည်းကျ အခြေခံ အုတ်မြစ် ချဖို့ မရှိမဖြစ် လိုအပ်ချက် ဖြစ်တယ်။

မာ့(ခ်စ်)နဲ့ အန်းဂယ်(စ်)တို့က "ငါတို့တင်ပြနေတဲ့ သဘောတရားဟာ တရားသေပြဋ္ဌာန်းချက် မဟုတ်ဘူး၊ အ လုပ် လမ်းညွှန်တခုသာ ဖြစ်တယ်" လို့ အမြဲ ပြောခဲ့တယ်၊ "ဖော်မြူလာတွေ" ကို အလွတ်ကျက် ပြန်ရွတ်ပြခြင်း ကို ထေ့ငေါ့ခဲ့ကြတယ်။ မာ့(ခ်စ်)နဲ့ အန်းဂယ်(စ်) တင်ပြခဲ့တဲ့ သဘောတရားဟာ ယေဘုယျ အလုပ်တွေကို သတ်မှတ်ပေးဖို့သာ ဖြစ်တယ်၊ သက်ဆိုင်ရာ သမိုင်းခေတ်မှာ ရှိနေတဲ့ အခိုင်အမာ စီးပွားရေး၊ နိုင်ငံရေး အခြေအ နေတွေပေါ် မူတည်ပြီး ပြုပြင်ယူဖို့ လိုအပ်တယ်။ ဒါဆိုရင် တော်လှန်ရေး ပစ္စည်းမဲ့ပါတီရဲ့ လုပ်ငန်းတွေ၊ လုပ် ဟန်တွေကို အခုချိန်မှာ လမ်းညွှန်ပေးရမယ့် ပကတိ အချက်အလက်တွေက ဘာတွေဖြစ်မလဲ။ (၁၉၁၇ရခုနှစ်၊ မတ်လ ၂၁နဲ့ ၂၂ မှာ ထုတ်ဝေခဲ့တဲ့ ပရားဗ်ဒါ အမှတ်စဉ် ၁၄ နဲ့ ၁၅ မှာ ဖော်ပြခဲ့တဲ့) ကျနော်ရဲ့ "အဝေးရောက် ပေးစာ-၁" နဲ့ ဧပြီစစ်တမ်းတွေမှာ "လက်ရှိ ရပ်ရှား အခြေအနေရဲ့အဓိက ဝိသေသ" ဟာ တော်လှန်ရေးရဲ့ပ ထမအဆင့်ကနေ ဒုတိယအဆင့်ကို ကူးပြောင်းနေတဲ့ ကာလ ဖြစ်တယ်လို့ သတ်မှတ်ထားတယ်။ ဒါ့ကြောင့် "ဒီ ကနေ့ လုပ်ရမယ့် တာဝန်"ကို အခုလို စဉ်းစားခဲ့တယ်၊

"အလုပ်သမားတွေဟာ ပစ္စည်းမဲ့လူတန်စားရဲ့သူရဲ ကောင်းဆန်မှု၊ လူထုရဲ့ ရဲဝံ့မှုကို ဇာဘုရင်စနစ် တိုက်ဖျက်ရေး ပြည်တွင်းစစ်မှာ မယုံနိုင်လောက်အောင် စွမ်း ဆောင်ပြခဲ့ပြီ၊ တော်လှန်ရေး ဒုတိယအဆင့်မှာ အောင်ပွဲဆင်နိုင်အောင် ပြင်ဆင်ထားဖို့ ပစ္စည်းမဲ့လူတန်းစားရဲ့ဖွဲ့စည်းမှု၊ လူထု တရပ်လုံး စုစည်းမှုကို မယုံနိုင်လောက်အောင် ပြုလုပ်ကြရတော့မယ်။

ဒါဖြင့် တော်လှန်ရေးရဲ့ပထမအဆင့်က ဘာလဲ။ ဘူဇွာလူတန်းစားလက်ထဲ နိုင်ငံရေးအာဏာ ရောက်ရှိသွား ခြင်းဟာ တော်လှန်ရေးရဲ့ပထမအဆင့်ပဲ။ ၁၉၁၇ ဖေဖော်ဝါရီ - မတ် တော်လှန်ရေးမတိုင်ခင်က နိုင်ငံတော် အာ ဏာဟာ Nicholas Romanov ဦးဆောင်သော မြေရှင် ပဒေသရာဇ် လူတန်းစားဆိုတဲ့ လူတန်းစားဟောင်းလက် ထဲမှာ ရှိနေခဲ့တယ်။ တော်လှန်ရေးဖြစ်ပြီးတဲ့အခါ နိုင်ငံရေးအာဏာဟာ လူတန်းစားအသစ်ဖြစ်တဲ့ ဘူဇွာလူတန်း စား လက်ထဲ ရောက်သွားပြီ။ လူတန်းစားတရပ်ဆီကနေ တခြားလူတန်းစားတရပ်ဆီ နိုင်ငံရေးအာဏာ ကူး ပြောင်းသွားခြင်းဟာ တော်လှန်ရေးတရပ်ရဲ့ပထမဆုံး၊ အဓိကကျလှတဲ့ အခြေခံ လက္ခဏာပဲ။ တော်လှန်ရေး ရဲ့အနက်ကို သိပ္ပံနည်းကျကျ အဓိပ္ပါယ်ဖွင့်လည်း ဒီသဘောပဲ၊ လက်တွေ့နိုင်ငံရေးအရ အဓိပ္ပါယ်ဖွင့်လည်း ဒီသ ဘောပဲ။

ဒီသဘောအရဆိုရင် ရပ်ရှားမှာ ဘူဇွာတော်လှန်ရေး (ဝါ) ဘူဇွ ာဒီမိုကရေစီ တော်လှန်ရေး ပြီးမြောက်သွားပြီ။ ဒါ ပေမယ့် "ဘော်ရှီဗစ် လူဟောင်းကြီးတွေ" က ဒီအချက်ကို လုံးဝ သဘောမတူကြောင်း ကျယ်ကျယ်လောင် လောင်လေး ဆန့်ကျင်လာကြတယ်။ ဘူဇွာဒီမိုကရေစီ တော်လှန်ရေးဟာ "ပစ္စည်းမဲ့လူတန်းစားနဲ့ လယ်သမား ထုရဲ့တော်လှန်ရေး ဒီမိုကရေစီ အာဏာရှင်စနစ်" (revolutionary-democratic dictatorship of the proletariat and the peasantry) ထူထောင်ပြီးမှသာ ပြီးမြောက်မှာဖြစ်ကြောင်း ငါတို့ (ဘော်ရှီဗစ်တွေ) အမြဲ သတ်မှတ်ထားခဲ့တယ်

မဟုတ်ပါလားလို့ "ဘော်ရှီဗစ် လူဟောင်းကြီးတွေ" က ဆိုကြတယ်။ ဘူဇွာဒီမိုကရေစီ တော်လှန်ရေးတခုဖြစ်တဲ့ မြေယာတော်လှန်ရေးဟာ ပြီးမြောက်သွားပြီလား၊ မြေယာတော်လှန်ရေး စကို မစရ သေးဘူးဆိုတာ မငြင်းနိုင်တဲ့ အချက်မဟုတ်ဘူးလားလို့ "ဘော်ရှီဗစ် လူဟောင်းကြီးတွေ" က မေးခွန်းဆက် ထုတ်ကြတယ်။

ကျနော့်ရဲ့အဖြေက "ဘော်ရှီဗစ် ကြွေးကြော်သံတွေ နဲ့ သဘောတရား တခုလုံးကို သမိုင်းက သက်သေထူပြီး သွားပြီ၊ ဒါပေမယ့် အခိုင်အမာ လက်တွေ့ အခြေအနေတွေဟာ (ဘော်ရှီဗစ်တွေ ကြိုတင်တွက်ဆထားတာနဲ့) ကွဲပြားခြားနားစွာ ဖြစ်ပေါ်လာတယ်။ အခိုင်အမာ လက်တွေ့ အခြေအနေတွေဟာ ဘယ်သူမှ ကြိုမခန့်မှန်းနိုင် လောက်အောင် ပိုပြီး ဆန်းသစ်နေတယ်၊ ပိုထူးခြားတယ်၊ ပိုပြီး အရောင်အသွေး စုံတယ်"။

ဒီအချက်ကို လစ်လျူရှုခြင်းဟာ "ဘော်ရှီဗစ် လူဟောင်းကြီးတွေ" လို လိုက်မှားခြင်းပဲ။ "ဘော်ရှီဗစ် လူဟောင်း ကြီးတွေ"ဟာ သစ်လွင်နေတဲ့ ရှင်သန်နေသော အရှိတရားရဲ့ထူးခြားချက်တွေကို လေ့လာ ဆန်းစစ်ရမယ့်အစား အတိတ်က ချမှတ်ခဲ့တဲ့ ပုံသေနည်းတွေကိုပဲ ကြက်တူရွေးလို အဓိပ္ပါယ်ဘာမှန်းမသိ ပြန်ရွတ်ပြနေလို့ ငါတို့ပါတီ သမိုင်းမှာ နောင်တရဖွယ် အမှားကို ပြုခဲ့သူတွေဖြစ်တယ်။ "ပစ္စည်းမဲ့လူတန်းစားနဲ့ လယ်သမားထုရဲ့တော်လှန် ရေး ဒီမိုကရေစီ အာဏာရှင်စနစ်" ဟာ ရုပ်ရှားတော်လှန်ရေးမှာ လက်တွေ့အရှိတရား ဖြစ်လာခဲ့ပြီ။ အကြောင်း ကတော့ ဒီ "ပုံသေနည်း" ဟာ လူတန်းစား ဆက်ဆံရေးတခုကိုသာ တင်ကူးတွက်ဆခဲ့တာဖြစ်တယ်၊ ဒီဆက်ဆံ ရေး (အလုပ်သမား လယ်သမား လူတန်းစား ပူးပေါင်းမှု) ကို လက်တွေ့ဖော်ဆောင်တဲ့ နိုင်ငံရေး အင်စတီကျူး ရှင်း တခုအဖြစ် ရည်ရွယ် သတ်မှတ်ခဲ့တာ မဟုတ်လို့ပဲ။

အလုပ်သမား ကိုယ်စားလှယ်များ ဆိုဗီယက်နဲ့ စစ်သားကိုယ်စားလှယ်များ ဆိုဗီယက်တွေ လက်တွေ့အကောင် အထည်ပေါ်လာပြီ (ဒါဟာ ပစ္စည်းမဲ့လူတန်းစားနဲ့ လယ်သမားထုရဲ့တော်လှန်ရေး ဒီမိုကရေစီ အာဏာရှင်စနစ် တည်ရှိနေတာပဲ)။ ဖြစ်ရပ်တွေဟာ ပုံသေနည်း နယ်နိမိတ်ကနေ လက်တွေ့အရှိတရား နယ်နိမိတ်ဆီ ပြောင်း ရွှေ့သွားပြီ၊ အရိုးတွေ အသားတွေနဲ့ ဖွဲ့စည်းတည်ဆောက်လိုက်ပြီ၊ လက်တွေ့အခိုင်အမာ ရုပ်လုံးဖော်ပြီး လို အပ်သလို ပြုပြင်မွမ်းမံလိုက်ပြီ။

အခု ငါတို့လုပ်ရမယ့် တာဝန်က အရင်ကနဲ့ မတူတော့ဘူး၊ အသစ်ဖြစ်သွားပြီ။ ဒီအာဏာရှင်စနစ် (ပစ္စည်းမဲ့ လူ တန်းစားနဲ့ လယ်သမားထုရဲ့တော်လှန်ရေး ဒီမိုကရေစီ အာဏာရှင်စနစ်ကိုဆိုလို) အတွင်းက ပစ္စည်းမဲ့လူတန်း စား အစိတ်အပိုင်းတွေ နဲ့ ခနရှင်ပေါက်စ အစိတ်အပိုင်းတွေ ကို ပိုင်းခြားပစ်ရမယ်။ ပစ္စည်းမဲ့လူတန်းစား အစိတ် အပိုင်းတွေက (ဖေဖော်ဝါရီ တော်လှန်ရေးအပြီး ပေါ်ပေါက်လာတဲ့ ဘူဇွာလူတန်းစားအစိုးရ ပထမကမ္ဘာစစ်အ တွင်း ဆက်ပါနေခြင်းဟာ တော်လှန်ရေး အသီးအပွင့်ကို ဆက်ကာကွယ်နေခြင်း ဖြစ်တယ်၊ ဒါ့ကြောင့် ဇာဘုရင် ကို ဆန့်ကျင်သလို ဆန့်ကျင်လို့ မဖြစ်ဘူး၊ ငါတို့က ခုခံကာကွယ်ရမယ်လို့ ဟစ်ကြွေးနေတဲ့) defencist တွေကို ဆန့်ကျင်သူတွေ ဖြစ်တယ်၊ နိုင်ငံတကာ ဝါဒီတွေဖြစ်တယ်၊ ဘုံစနစ်ကို ချီတက်ရေး အားသန်နေတဲ့ ကွန်မြူနစ် တွေဖြစ်တယ်။ ခနရှင်ပေါက်စ အစိတ်အပိုင်းတွေကတော့ ဘူဇွာလူတန်းစားနဲ့ ဘူဇွာ အစိုးရကို လိုလားပြီး ဘုံ စ နစ်ဆီ ချီတက်ရေးကို ဆန့်ကျင်ကြသူတွေဖြစ်တယ်၊ Chkheidze, Tsereteli, Steklov နဲ့ ဆိုရှယ် ရက်ဗလူရှင် နရီတွေ၊ တော်လှန်ရေးအပြီး ပေါ်ပေါက်လာတဲ့ ဘူဇွာအစိုးရက ပထမကမ္ဘာစစ်ထဲ ဆက်ပါနေခြင်းကို တော် လှန်ရေးကို ခုခံကာကွယ်ခြင်းအဖြစ် သဘောထားနေတဲ့ revolutionary defencist တွေ ဖြစ်တယ်။

အခုချိန်မှာ "ပစ္စည်းမဲ့ လူတန်းစားနဲ့ လယ်သမားထုရဲ့တော်လှန်ရေး ဒီမိုကရေစီ အာဏာရှင်စနစ်" ကိုပဲ ပြောသူ တွေဟာ အတိတ်မှာ ကျန်ခဲ့သူတွေဖြစ်တယ်။ အကျိုးဆက်အနေနဲ့ သူတို့ဟာ ပစ္စည်းမဲ့လူတန်းစား တိုက်ပွဲကို ဆန့်ကျင်ပြီး ဓနရှင်ပေါက်စ လူတန်းစားဘက် ရောက်သွားကြတယ်။ ဒီလို လူတွေကို တော်လှန်ရေးမတိုင်ခင်က ရှေးဟောင်း "ဘော်ရှီဗစ်" မော်ကွန်းတိုက်ထဲ စာရင်းသွင်းသင့်တယ်။ ("ဘော်ရှီဗစ် လူဟောင်းကြီးတွေ" ရဲ့မော် ကွန်းတိုက်လို့ ခေါ် နိုင်တယ်)။

"ပစ္စည်းမဲ့လူတန်းစားနဲ့ လယ်သမားထုရဲ့တော်လှန်ရေး ဒီမိုကရေစီ အာဏာရှင်စနစ်" ကို လက်တွေ့အကောင် အထည်ဖော်ပြီးပြီ။ ဒါပေမယ့် တော်လှန်ရေးမဖြစ်ခင်က တင်းကူးမှန်းဆထားသလို ဖြစ်မလာပဲ အင်မတန် ဆန်း သစ်တဲ့ ပုံစံနဲ့ ဖြစ်တည်လာခြင်းဖြစ်တယ်၊ ပြုပြင်မွမ်းမံချက်တွေ အများကြီးနဲ့ ပေါ်ပေါက်လာခြင်း ဖြစ်တယ်။ ဒီအ ချက်တွေကို နောက်ပိုင်းစာတွေမှာ သီးခြား ဆွေးနွေးသွားပါမယ်။ အခု လောလောဆယ်တော့ မာ့(ခ်စ်)ဝါဒီတ ယောက်ဟာ တကယ့်ဘဝ၊ အရှိတရားရဲ့အချက်အလက် အမှန်တွေကို သိရှိနားလည်အောင် လုပ်ရတယ်၊ အ တိတ်က သီအိုရီတခုကိုပဲ ဖက်တွယ်ထားရမှာ မဟုတ်ဘူးဆိုတဲ့ ငြင်းဖျက်မရနိုင်သော အမှန်တရားကို ဖမ်းဆုပ် မိဖို့ အင်မတန် အရေးကြီးတယ်။ အတိတ်က သီအိုရီတခုဟာ တခြားသီအိုရီတွေလိုပဲ အဓိကကျတဲ့ အချက်တွေ နဲ့ ယေဘုယျသဘော ပုံကြမ်းကိုသာ ရေးဆွဲပေးနိုင်တယ်၊ အင်မတန် ရှုပ်ထွေးလှတဲ့ ဘဝ ကို အနီးစပ်ဆုံး ချဉ်း ကပ်ရုံသာ တတ်နိုင်တယ်။ "ဒီမှာမိတ်ဆွေ၊ သီအိုရီဆိုတာ အရောင် မှိန်တယ်၊ ဘဝဆိုတဲ့ ထာဝရ သစ်ပင်က တော့ စိမ်းစိုနေတယ်"။ (ဂါးထယ် ရဲ့ဖော့စ် ထရက်ဂျဒီထဲက Mephistopheles ရဲ့စကားလုံးကို လီနင်က ကိုးကား ပြောလိုက်ခြင်းဖြစ်တယ်)။

ဘူဇွာတော်လှန်ရေးကို အရင်နည်းဟောင်းအတိုင်း “ပြီးမြောက်သလား” စဉ်းစားခြင်းဟာ ရှင်သန်နေတဲ့ မာ့(ခ်စ်) ဝါဒကို အသက်မရှိတဲ့ စာတမ်းတခုအဖြစ် ချေဖျက်ပစ်လိုက်တာပဲ။ အရင်နည်းဟောင်းအတိုင်း စဉ်းစားရင် ဘူဇွာ လူတန်းစား အုပ်စိုးမှုပြီးရင် ပစ္စည်းမဲ့လူတန်းစားနဲ့ လယ်သမားထုရဲ့ အာဏာရှင်စနစ် လိုက်ပါလာရမယ်။

တကယ့်ဘဝမှာ ဖြစ်ရပ်တွေဟာ ကြိုတွက်ထားသလို မဟုတ်ဘဲ ကွဲပြားခြားနားစွာ ထွက်ပေါ်လာတယ်၊ အင်မ တန်ကို ထူးခြား ဆန်းသစ်ပြီး တခါမှ မကြုံဖူးအောင် ဖြစ်ရပ်တခုနဲ့ တခု ထွေးရောယှက်တင် ဖြစ်ကုန်တယ်။ ဘူ ဇွာလူတန်းစား အုပ်စိုးမှု (Lvov နဲ့ Guchkov တို့ရဲ့ အစိုးရ) နဲ့ ပစ္စည်းမဲ့လူတန်းစားနဲ့ လယ်သမားထုရဲ့ တော် လှန်ရေး ဒီမိုကရေစီ အာဏာရှင်စနစ်ဟာ တပြိုင်တည်း အတူတွဲ တည်ရှိနေတယ်။ ပစ္စည်းမဲ့လူတန်းစားနဲ့ လယ် သမားထုရဲ့ တော်လှန်ရေး ဒီမိုကရေစီ အာဏာရှင်စနစ်ဟာ ဘူဇွာလူတန်းစား လက်ထဲကို စိတ်လိုလက်ရ အာ ဏာ ထိုးထည့်ပေးနေတယ်၊ သူ့ကိုယ်သူတော့ ဘူဇွာလူတန်းစားရဲ့ ဘေးအစွယ်အပွားလေးဖြစ်အောင် စိတ်လို လက်ရ လျှော့ချ ပစ်နေတယ်။

ပီထရိုဂရက်မှာ အာဏာက အလုပ်သမားနဲ့ စစ်သားတွေ လက်ထဲမှာပဲ တကယ်ရှိနေခြင်းဖြစ်တယ်၊ ဒီအချက်ကို မေ့ထားလို့ မရဘူး။ အစိုးရအသစ်ဟာ ဒီအလုပ်သမား၊ စစ်သား ဆိုဗီယက်တွေကို အကြမ်းဖက် ဖြိုခွဲတာမျိုး မ လုပ်နိုင်ဘူး။ အစိုးရလက်ထဲမှာ လူထုနဲ့ ကင်းကွာနေတဲ့ အမြဲတမ်းစစ်တပ်၊ ရဲတပ်နဲ့ အုပ်ချုပ်ရေး ယန္တယား မရှိ တော့ဘူး။ ဒါဟာ ပါရီကွန်မြူးပုံစံကို ထင်ဟပ်နေတဲ့ အချက်ပဲ။ ဒီအချက်ဟာ အရင် ပုံသေနည်းဟောင်းနဲ့ အံဝင် ခွင်ကျ မဖြစ်ဘူး။ ပစ္စည်းမဲ့လူတန်းစားနဲ့ လယ်သမားထုရဲ့ တော်လှန်ရေး ဒီမိုကရေစီ အာဏာရှင်စနစ် ဆိုတဲ့ အ ခုချိန်မှာ အဓိပ္ပါယ် မရှိတော့တဲ့

စကားလုံးတွေကို ယေဘုယျ ဆန်ဆန် တတွတ်တွတ် ရွတ်နေမယ့်အစား ပုံသေ နည်းတွေကို တကယ့် အချက်အလက်တွေနဲ့ ကိုက်ညီအောင် ပြုပြင်ယူရမယ်။

ဒီပြသနာကို ပိုပြီး မြင်သာအောင် နောက်ထပ်ရှုထောင့် တခုကနေ ချဉ်းကပ်ကြည့်ရအောင်။ မာ့(ခ်စ်)ဝါဒီတ ယောက်ဟာ လူတန်းစား ဆက်ဆံရေး ဆန်းစစ်ချက်ကို ဂရုတစိုက် ပြုလုပ်ရတယ်။ ဘူဇွာလူတန်းစား လက်ထဲ မှာ အာဏာရထားပြီ။ “ဒါပေမယ့် လယ်သမားထုဟာ ဘူဇွာလူတန်းစားပဲ မဟုတ်လား၊ ဘူဇွာလူတန်းစားရဲ့ကွဲ ပြားခြားနားတဲ့ လူတန်းစား အလွှာတခုသာဖြစ်တယ် မဟုတ်လား၊ မတူညီတဲ့ စရိုက်လက္ခဏာရှိသော ဘူဇွာ အ လွှာတခုပဲ မဟုတ်လား၊ ဆိုတော့ ဒီအလွှာအာဏာရရှိပြီး ဘူဇွာဒီမိုကရေစီ တော်လှန်ရေး ပြီးမြောက်သွားတာမျိုး မဖြစ်နိုင်ဘူးလား၊ ဘာ့ကြောင့် မဖြစ်နိုင်ရမှာလဲ”။

ဒါဟာ ဘော်ရှီဗစ်လူဟောင်းတွေ ငြင်းချက်ထုတ်နေကြ ပုံစံပဲ။ ကျနော့်အဖြေကတော့ ဒါဟာ ဖြစ်နိုင်ပါတယ်။ ဒါ ပေမယ့် ပကတိအခြေအနေကို အကဲဖြတ် သုံးသပ်ရာမှာ မာ့(ခ်စ်)ဝါဒီတယောက်ဟာ ဖြစ်နိုင်တဲ့ အရာကနေ အ စပြုတာ မဟုတ်ဘူး၊ တကယ်ဖြစ်နေတဲ့ အရာကနေသာ အစပြုတယ်။

လွတ်လပ်စွာ ရွေးကောက်ထားတဲ့ စစ်သား၊ လယ်သမား ကိုယ်စားလှယ်တွေဟာ စင်ပြိုင် (ဘူဇွာ) အစိုးရကို လွတ်လပ်စွာ ပူးပေါင်းနေကြတယ်၊ လွတ်လပ်စွာ ပံ့ပိုးပေးနေကြတယ်၊ ဘူဇွာအစိုးရ အားကောင်းလာအောင် ကူ ညီပေးနေကြတယ် ဆိုတာကို တကယ့် အရှိတရားက ဖွင့်ထုတ်ပြနေတယ်။ သူတို့ (လွတ်လပ်စွာ ရွေးကောက် ထားတဲ့ စစ်သား၊ လယ်သမား ကိုယ်စားလှယ် ဆိုဗီယက်တွေ) ဟာ ဘူဇွာလူတန်းစားကို (လွတ်လပ်စွာ) အာ ဏာထိုးအပ်နေကြတယ်။ ဒါဟာ မာ့(ခ်စ်)ဝါဒ သဘောတရားကို နည်းနည်းလေးမှ ချိုးဖောက်ခြင်း မရှိပေ၊ ဘာ လို့လဲဆိုတော့

ဘူဇွာလူတန်းစားက အာဏာကို ဆက်ထိန်းထားနိုင်တာ အကြမ်းနည်း သက်သက်တင် မဟုတ်၊ အဖိနှိပ်ခံ လူထုက လူတန်းစားအသိနဲ့ အဖွဲ့အစည်း ကင်းမဲ့နေပြီး၊ ဖိနှိပ်ခံရပါ များလာတော့ ပြန်ခုခံဖို့ စိတ်ဓာတ် ကိုမရှိတော့ဘဲ နေမြဲအတိုင်း နေခြင်းကြောင့်လည်း အာဏာကို ဆက်ထိန်းထားနိုင်ခြင်း ဖြစ်တယ်လို့ ကျနော်တို့ ထပ် တလဲလဲ ထောက်ပြခဲ့တယ်။

ဒီကနေ့ ပကတိအခြေအနေအရ ဒီအချက်ကို မျက်ကွယ်ပြုပြီး "ဖြစ်နိုင်ချေတွေ"ကို ပြောနေခြင်းဟာ အတော် အူ ကြောင်ကြောင်နိုင်တာပဲ။ လယ်သမားထုဟာ မြေယာတွေ အားလုံးကို သိမ်းပြီး နိုင်ငံရေး အာဏာကိုပါ သိမ်းနိုင် တယ် ထားပါတော့။ ဒီဖြစ်နိုင်ချေကို မေ့မထားဘဲ၊ လက်ရှိဖြစ်နေတဲ့ အခြေအနေကိုပဲ ကန့်သတ်မထားဘဲ၊ ဖြစ် ရပ် အသစ်ကို အလေးအနက်ထား စဉ်းစားပြီး မြေယာလုပ်ငန်းစဉ်ကို ကျနော် ရှင်းရှင်းလင်းလင်း တည်ဆောက် ထားတယ်။ ဖြစ်ရပ်အသစ် ဆိုတာကတော့ မြေယာအလုပ်သမား၊ ဆင်းရဲလယ်သမားတွေက တဖက်၊ လယ်ပိုင် မြေပိုင် လူတန်းစားက တဖက် ကြီးကြီးမားမား ကွဲပြားနေတဲ့ အချက်ပဲ။

ဒါပေမယ့် နောက်ထပ် ဖြစ်နိုင်ချေတခုလည်း ရှိသေးတယ်၊ လယ်သမားတွေက ဆိုရှယ် ရက်ဗလူရှင်နရီ (SR)လို ဓနရှင်ပေါက်စ ပါတီရဲ့အကြံပေးချက်ကို ရယူတာမျိုးလည်း ဖြစ်နိုင်သေးတယ်။ SR ပါတီဟာ ဘူဇွာလူတန်းစား ရဲ့ ဩဇာအောက် ရောက်နေပြီး defencist ရပ်တည်ချက်ကို ကိုင်စွဲထားတယ်၊ တိုင်းပြုပြည်ပြု ညီလာခံ (Constituent Assembly) ခေါ်တဲ့အချိန်ထိ စောင့်ဆိုင်းပေးဖို့ အကြံပြုနေကြတယ်။ ဒီညီလာခံ ဘယ်ချိန်ခေါ် မယ်ဆိုတာတော့ အခုထိ မသတ်မှတ်ရသေးဘူး။*

(ဒီနေရာမှာ သူ့ရဲ့ဆိုလိုရင်းက အဓိပ္ပါယ်ကောက်လွဲမှာ စိုးလို့ လီနင်က အောက်ခြေမှတ်စုနဲ့ ဖြည့်စွက် ရှင်းလင်း ခဲ့တယ်။ လီနင်ရဲ့ဖြည့်စွက်မှတ်စု -

“ကျနော့် ပြောဆိုချက်ကို အဓိပ္ပါယ်များကောက်မှာစိုးလို့ ဒီအချက်ကို တခါတည်း ပြောထားရလိမ့်မယ်၊ ကျနော် ဟာ မြေယာအလုပ်သမားနဲ့ လယ်သမား ဆိုဗီယက်တွေ မြေယာအားလုံးကို ချက်ချင်း ဝင်သိမ်းတာကို လိုလား ထောက်ခံသူဖြစ်တယ်၊ ဒါပေမယ့် ဒီလို ဝင်သိမ်းပြီးရင် ဆိုဗီယက်တွေက စည်းကမ်း တင်းတင်းကြပ်ကြပ်နဲ့ ဖွဲ့စည်းမှုကို တည်ဆောက်ထားရမယ်၊ စက်ယန္တယားတွေ အဆောက်အဦတွေ ကျွဲနွားတွေကို အပျက်အစီးမရှိ အောင် ထိန်းသိမ်းထားရမယ်၊ မြေယာကုန်ထုတ်လုပ်ငန်းကို မပြိုကွဲအောင် စုစည်းရမယ်၊ ဖွံ့ဖြိုးအောင် လုပ်ရ လိမ့်မယ်၊ လူထုကို အငတ်ထားလို့ မဖြစ်သလို စစ်သားတွေဟာလည်း ရိက္ခာ နှစ်ဆတိုး လိုအပ်နေချိန် ဖြစ် တယ်။”)

လယ်သမားတွေက ဘူဇွာလူတန်းစားနဲ့ အပေးအယူကို ကြာရှည် ဆက်လုပ်နေမယ် ဆိုတာလည်း ဖြစ်နိုင်သေး တယ်။ လယ်သမားနဲ့ ဘူဇွာလူတန်းစားကြား အပေးအယူဟာ “အလုပ်သမား၊ စစ်သား ကိုယ်စားလှယ်များ ဆိုဗီ ယက်” ကနေ ပုံသဏ္ဍာန်အနေနဲ့ သာမက လက်တွေ့အရပါ အပီအပြင် ထွက်ပေါ်ထားပြီး ဖြစ်တယ်။

ဖြစ်နိုင်တာတွေကတော့ အများကြီးပဲ။ မြေယာလှုပ်ရှားမှုနဲ့ မြေယာလုပ်ငန်းစဉ်ကို မေ့ထားရင် အမှားကြီး မှား မယ်။ ဒါပေမယ့် တကယ့် အရှိတရားကို မေ့ထားတာလည်း မဟာအမှားပဲ။ တကယ့်အရှိတရားက ဘူဇွာလူတန်း စားနဲ့ လယ်သမားထုကြား သဘောတူညီမှု ရယူထားတယ်၊ (ဥပဒေဆန်တဲ့ စကားမဟုတ်ဘဲ ပိုပြီးတိကျတဲ့ ဘောဂဗေဒ အသုံးနဲ့ ပြောရရင်) ဘူဇွာလူတန်းစားနဲ့ လယ်သမားထုကြား လူတန်းစား ပူးပေါင်းရေး class collaboration လုပ်ထားတယ်။ ဒီ အခိုင်အမာ အချက်အလက်ဟာ တကယ် မရှိတော့ရင်၊ လယ်သမားလူတန်း စားက ဘူဇွာလူတန်းစားနဲ့ လမ်းခွဲထွက်လာပြီး ဘူဇွာလူတန်းစားရှိနေပေမယ့် မြေယာနဲ့ အာဏာကို

သိမ်းပိုက် လာတဲ့အခါ ဘူဇွာဒီမိုကရေစီ တော်လှန်ရေးရဲ့အဆင့်သစ်တခုကို ရောက်လာလိမ့်မယ်။ ဒါက သီးခြား ကိုင် တွယ်ရမယ့် ကိစ္စ ဖြစ်လိမ့်မယ်။

အဲဒီလို အနာဂတ်မှာ ဖြစ်နိုင်ချေရှိတာကိုပဲ စဉ်းစားနေတဲ့ မာ့(ခ်စ်)ဝါဒီတယောက်ဟာ လယ်သမားထုက ဘူဇွာ လူတန်းစားနဲ့ သဘောတူ ပူးပေါင်းနေတဲ့ လက်ရှိအချိန်မှာ လုပ်ရမယ့် တာဝန်တွေကို မေ့နေတယ်၊ ခနရှင်ပေါက် စတွေဘက် မျက်နှာမူလာတယ်။ သူဟာ လက်တွေ့မှာတော့ ပစ္စည်းမဲ့လူတန်းစားကို ခနရှင်ပေါက်စ လူတန်းစား ကို ယုံကြည်မှုထားဖို့ စည်းရုံး ပြောဆိုနေတာပဲ။ လယ်သမားထုက ဘူဇွာလူတန်းစားရဲ့နောက်မြီးဆွဲ မဖြစ်တဲ့၊ SR တွေ၊ Chkheidzes, Tseretelis, and Steklovs က ဘူဇွာအစိုးရရဲ့အစွယ်အပွားလေးတွေ မဖြစ်တဲ့ အင်မ တန် သာယာဖွယ် အနာဂတ်တခု “ဖြစ်နိုင်ချေ” ရှိနေတာကြောင့် အခုလက်ရှိ မနှစ်မြို့ဖွယ် ပကတိအခြေအနေ ကို မေ့ထားကြတယ်။ လက်ရှိ ပကတိအခြေအနေမှာ လယ်သမားထုဟာ ဘူဇွာလူတန်းစားရဲ့နောက်မြီးဆွဲဖြစ် နေတယ်၊ SR တွေ ဆိုရှယ်ဒီမိုကရက်တွေက ဘူဇွာ လူတန်းစားရဲ့အစွယ်အပွားဘဝကို အခုထိ မစွန့်လွှတ်သေး ဘူး။

ဒီလို ဖြစ်နိုင်ချေကိုပဲ မှန်းဆနေတဲ့ လူဟာ ချိုမြိန်တဲ့ Louis Blanc (ဒါမှမဟုတ်) သကာလိုချိုတဲ့ Kautskyite ပဲ ဖြစ်လိမ့်မယ်၊ တော်လှန်ရေးသမား မာ့(ခ်စ်)ဝါဒီတော့ လုံးဝမဟုတ်ဘူး။

ဒါပေမယ့် ဘူဇွာဒီမိုကရေစီ တော်လှန်ရေးကို ‘ခုန်ကျော်’ လိုက်ပြီး ဆိုရှယ်လစ်တော်လှန်ရေးကို တန်းရောက်ချင် ရင် ငါတို့ဟာ စိတ်ဆန္ဒစွဲဝါဒ အမှားကို ကျူးလွန်မိရက်သား ဖြစ်မနေဘူးလား။ (ဘူဇွာဒီမိုကရေစီ တော်လှန်ရေး ဟာ မပြီးဆုံးသေးဘူး၊ မြေယာလယ်သမား တော်လှန်ရေးကို ဆုံးခန်းတိုင် မဆင်နွှဲရသေးဘူး၊ ဒါ့ကြောင့် ဆိုရှယ် လစ်တော်လှန်ရေးကို

ပြောခြင်းဟာ အဆင့်ကျော်ပြီး ကိုယ့်စိတ်ဆန္ဒအလိုကို လိုက်လုပ်ခြင်းပဲလို့ ဆိုကြတယ်)။ "ဇာဘုရင်စနစ် အလိုမရှိ၊ အလုပ်သမား အစိုးရသာ တည်ဆောက်ကြ" လို့ ကျနော်ပြောခဲ့ရင် စိတ်ဆန္ဒစွဲအမှား ကို ကျူးလွန်တာ ဖြစ်နိုင်တယ်။ ဒါပေမယ့် ဒီလိုမျိုး မပြောခဲ့ဘူး၊ တခြားအရာသာ ကျနော်ပြောခဲ့ခြင်း ဖြစ်တယ်။ ရပ်ရှားမှာ အလုပ်သမားဆိုဗီယက်၊ မြေယာအလုပ်သမား ဆိုဗီယက်၊ စစ်သားနဲ့ လယ်သမားဆိုဗီယက် အစိုးရကလွဲလို့ ဘူဇွာအစိုးရအပါအဝင် တခြားအစိုးရ မရှိနိုင်ဘူးလို့ပဲ ကျနော် ပြောခဲ့တယ်။ အခုချိန်မှာ ရပ်ရှား နိုင်ငံတော် အာဏာကို Guchkov နဲ့ Lvov ဘူဇွာအစိုးရ လက်ထဲကနေ ဒီဆိုဗီယက်တွေ လက်ထဲ ကူးပြောင်း သွားဖို့သာ ကျနော် ပြောခဲ့တယ်။ ဒီဆိုဗီယက်တွေထဲမှာ လယ်သမားတွေ၊ စစ်သားတွေ ရှိတယ်၊ သာမန်အရပ် သားအသုံးနဲ့ မဟုတ်ဘဲ သိပ္ပံနည်းကျ မာ့(ခ်စ်)ဝါဒ ဝေါဟာရနဲ့ ပြောရရင် လူတန်းစား သတ်မှတ်ချက်အရ ခနရှင် ပေါက်စတွေ ရှိနေတယ်။ ကျနော့် စစ်တမ်းတွေထဲမှာ မပြီးဆုံးသေးတဲ့ လယ်သမားတိုက်ပွဲကို ခုန်ကျော်ပစ်တာ (ဝါ) ခနရှင်ပေါက်စ လှုပ်ရှားမှု တစုံလုံးကို ခုန်ကျော်ပစ်တာကို ဆန့်ကျင်ကြောင်း၊ အလုပ်သမားအစိုးရက အာ ဏာသိမ်းဖို့ ပြောခြင်းကို ဆန့်ကျင်ကြောင်း၊ Blanquist အရဲစွန့်မှုပုံစံ အားလုံးကို ဆန့်ကျင်ကြောင်း အတိအလင်း ဆိုထားတယ်၊ အကြောင်းကတော့ ကျနော်ဟာ ပါရီကွန်မြူး အတွေ့အကြုံကိုသာ သေချာ ကိုးကားထားလို့ ပဲ။

ပါရီကွန်မြူး အတွေ့အကြုံဟာ Blanquism ကို လုံးဝဖယ်ရှားပစ်ခဲ့တယ်၊ လူထုက တိုက်ရိုက်၊ ခြွင်းချက်မရှိ အုပ် စိုးခြင်းကိုသာ အခိုင်အမာ ဖြစ်စေခဲ့တယ်၊ သိစိတ်ရှိရှိ လုပ်ဆောင်နေတဲ့ လူထုရဲ့ လှုပ်ရှားမှုကိုသာ အဓိကထားခဲ့ တယ်။ ဒါကို မာ့(ခ်စ်)က ၁၈၇၁ခုနှစ်မှာ အကျယ်တဝင့် သက်သေပြထားခဲ့သလို အန်းဂယ်(စ်) ကလည်း ၁၈၉၁ ခုနှစ်မှာ သက်သေပြခဲ့တယ်။ ဒါကို ကျနော်တို့အားလုံး သိထားကြပြီး ဖြစ်တယ်။

(ပြေဗြိစစ်တမ်းတွေထဲမှာ) လက် ရှိပြဿနာကို အလုပ်သမား ဆိုဗီယက်၊ မြေယာအလုပ်သမား ဆိုဗီယက်၊ လယ်သမားနဲ့ စစ်သားဆိုဗီယက်တွေ အတွင်း (ဘော်ရှီဗစ်လမ်းစဉ်) လွှမ်းမိုးရေး တိုက်ပွဲအဖြစ် အတိအကျ ဖော်ထုတ်ခဲ့တယ်။ ဒီအချက်ကို နည်းနည်း လေးမှ ဝေတေဝါးတား မဖြစ်ရလေအောင် ဒီစစ်တမ်းတွေထဲမှာ "လူထုရဲ့လက်တွေ့လိုအပ်ချက်နဲ့ ကိုက်ညီ သော" "ရှင်းလင်းဆွေးနွေးခြင်း" အလုပ်ကို စိတ်ရှည်ရှည်နဲ့ တောက်လျှောက် လုပ်ဖို့ လိုအပ်ကြောင်း နှစ်ကြိမ် တိတိ အလေးပေး ပြောခဲ့တယ်။ မစ္စတာ ပလက်(ခ်)နော့ လို မာ့(ခ်စ်)ဝါဒ သစ္စာဖောက်တွေ (ဝါ) နလပိန်းတုန်း တွေကတော့ အနာခစ်ဇင်၊ ဘလန်းကွင်းဇင်၊ စသဖြင့် မျိုးစုံ စွပ်စွဲ အော်ဟစ်နေလိမ့်မယ်။ ဒါပေမယ့် စဉ်းစား တတ်တဲ့၊ လေ့လာချင်တဲ့ သူတွေကတော့ ဘလန်းကွင်းဇင်ဆိုတာ လူလက်တဆုပ်စာလေးက အာဏာသိမ်းခြင်း ကို ဆိုလိုကြောင်း နားလည်ကြတယ်၊ ဒါပေမယ့် ဆိုဗီယက်တွေဆိုတာ အများစုသော လူထုကြီးရဲ့စုဖွဲ့မှု၊ တိုက် ရိုက်အုပ်စိုးမှု ဖြစ်တယ်။

ဒီဆိုဗီယက်တွေထဲမှာ (ဘော်ရှီဗစ်လုပ်ငန်းစဉ်) ဩဇာလွှမ်းရေး တိုက်ပွဲအဖြစ် အလုပ်ကို သတ်မှတ်ထားခြင်း ဟာ ဘလန်းကွင်းဇင် ဗွက်တောထဲ ရောက်မသွားပါဘူး။ အနာခစ်ဇင် ဗွက်တောထဲလည်း ချော်တောငေါ့မသွား ပါဘူး၊ ဘာလို့လဲဆိုတော့ ဘူဇွာလူတန်းစား အုပ်စိုးမှုကနေ ပစ္စည်းမဲ့လူတန်းစား အုပ်စိုးမှုကို ကူးပြောင်းနေတဲ့ ကြားကာလမှာ အစိုးရနဲ့ အစိုးရအာဏာ လိုအပ်နေသေးတာကို အနားခစ်ဇင်က လက်မခံလို့ပဲ။ ဒါပေမယ့် ဒီအ ကူးအပြောင်းကာလမှာ အစိုးရအာဏာ လိုအပ်ပုံကို (အဓိပ္ပါယ်ကောက် လွဲစရာမရှိအောင်ကို) အတိအလင်း ကျ နော်တင်ပြခဲ့တယ်။ ဒါပေမယ့် မာ့(ခ်စ်)ရဲ့လမ်းညွှန်သဘောတရား၊ ပါရီကွန်မြူး သင်ခန်းစာတွေနဲ့ အညီ ခါတိုင်း တွေ့နေကျ ဘူဇွာ ပါလီမန် အစိုးရမျိုးကိုတော့ လက်မခံပေ၊ အမြဲတမ်းစစ်တပ်

မရှိတဲ့ အစိုးရ၊ လူထုနဲ့ ဆန့်ကျင် သော ရဲတပ် မရှိတဲ့၊ လူထုနဲ့ ကင်းကွာနေသော ဗျူရိုကရေစီ မရှိတဲ့ အစိုးရကိုသာ တင်ပြခဲ့ခြင်း ဖြစ်တယ်။

မစ္စတာ ပလက်ခနော့က သူ့သတင်းစာ Yedinstvo ကနေ ဒါဟာ အနာခစ်ဇင် ပဲလို့ အစွမ်းကုန် အော်ဟစ်နေ ပြန်တယ်။ ဒီလို လုပ်လိုက်ခြင်းဟာ ပလက်ခနော့တယောက် မာ့(ခ်စ်)ဝါဒနဲ့ ဘယ်လောက်တောင် ပြဒါးတလမ်း သံတလမ်းဖြစ်နေသလဲ လက်တွေ့ပြနေတာပဲ။ ၁၈၇၁၊ ၁၈၇၂ နဲ့ ၁၈၇၅ခုနှစ်တွေမှာ မာ့(ခ်စ်)နဲ့ အန်းဂယ်(စ်) တို့ ဒီအကြောင်းအရာ (နိုင်ငံတော်အစိုးရ) နဲ့ ပတ်သက်လို့ ဘာတွေ သင်ကြားခဲ့သလဲ ကျနော်တို့ကို ပြောစမ်းပါလို့ ပရား(ဗ်)ဒါ အမှတ်စဉ် (၂၆) မှာ ပလက်ခနော့ကို ကျနော်က စိန်ခေါ် ခဲ့တယ်။ အဲဒီလို စိန်ခေါ်လိုက်တော့ မစ္စတာ ပလက်ခနော့ က နိုင်ငံတော်အစိုးရ သဘောတရားကို ဘာတခွန်းမှ မဟတော့ဘဲ ရေငုံနှုတ်ပိတ်လုပ်နေတယ်၊ ပြီးမှ ဒေါသပုန်ထနေတဲ့ ဘူဇွာလူတန်းစားလို ထင်ရာမြင်ရာ စွပ်စွဲပုတ်ခတ်နေတယ်။ တခါက မာ့(ခ်စ်)ဝါဒီဖြစ်ခဲ့ ဖူးသူ မစ္စတာ ပလက်ခနော့ဟာ နိုင်ငံတော်အစိုးရအပေါ် မာ့(ခ်စ်)ဝါဒ အမြင်သဘောထားကို နည်းနည်းလေးမှ နားမလည်ဘူး။ တိုက်တိုက်ဆိုင်ဆိုင်၊ ပလက်ခနော့ရဲ့ မသိနားမလည်မှုကို ဂျာမန်ဘာသာနဲ့ ထုတ်ဝေထားသော သူ့ရဲ့ အနာခစ်ဇင်စာအုပ်မှာလည်း တွေ့ရတယ်။

ကျနော့်ရဲ့စစ်တမ်းတွေနဲ့ အပေါ်မှာ တင်ပြခဲ့တဲ့ အမြင်တွေကို ရဲဘော် Y. Kamenev က သဘောမတူကြောင်း ပရား(ဗ်)ဒါ အမှတ်စဉ်(၂၇)မှာ ဘယ်လိုတင်ပြထားသလဲ ကြည့်ရအောင်။ ဒါတွေ ဖတ်ကြည့်ရင် သူတို့အမြင်ကို အလွယ်တကူ ဖမ်းဆုပ်ကြည့်နိုင်လိမ့်မယ်။

‘ရဲဘော်လီနင်ရဲ့စစ်တမ်းတွေဟာ ဘူဇွာဒီမိုကရေစီ တော်လှန်ရေး ပြီးဆုံးသွားပြီဆိုတဲ့ ယူဆချက်ကနေ အစပြု ထားတယ်၊ ဒီတော်လှန်ရေးကို

ဆိုရှယ်လစ် တော်လှန်ရေးအဖြစ် ချက်ချင်း ပြောင်းလဲပစ်ရမယ်လို့ ဆိုထားတယ်၊ ဒီတင်ပြချက်ဟာ ကျနော်တို့ (ဘော်ရှီဗစ်တွေ) အဖို့ ဘယ်လိုမှ လက်ခံနိုင်စရာ မရှိဘူး’ လို့ ရဲဘော် Kamenev က ရေးထားတယ်။

ဒီနေရာမှာ အဓိက အမှား ၂ခု ရှိတယ်။ ပထမတခုက ဘူဇွာဒီမိုကရေစီ တော်လှန်ရေး ပြီးဆုံးသွားပြီဆိုတဲ့ ပြသ နာကို မှားမှားယွင်းယွင်း တည်ဆောက်ထားတယ်။ ပြသနာကို (ပကတိအခြေအနေနဲ့ ကင်းလွတ်နေတဲ့) စိတ္တဇ ဆန်ဆန် ဖော်ထုတ်ထားတယ်၊ အရောင်တခုတည်း ရှိသယောင် ပုံဖော်ထားတယ်။ တကယ့် အရှိတရားနဲ့ ကိုက် ညီမှု မရှိဘူး။ “ဘူဇွာဒီမိုကရေစီ တော်လှန်ရေး ပြီးဆုံးသွားပြီလား” လို့ပဲ မေးထားပြီး နောက်ထပ် တခွန်းမှ မပြောခြင်းဟာ အင်မတန် ရှုပ်ထွေးတဲ့ ပကတိ အရှိတရားကို မမြင်နိုင်အောင် ဟန့်တား ပိတ်ပင်ထားတယ်၊ တကယ့် အရှိတရားဟာ အနည်းဆုံးတော့ အရောင် အသွေး ၂မျိုး ရှိနေတယ်။ ဒါက သီအိုရီ အရ လွဲမှားနေတာ၊ လက် တွေ့မှာ ဒါဟာ ဓနရှင်ပေါက်စ တော်လှန်ရေးဝါဒကို လက်လျှော့ အရှုံးပေးလိုက်ရခြင်း ဖြစ်တယ်။ တကယ့် အရှိ တရားမှာ အာဏာဟာ ဘူဇွာလူတန်းစား လက်ထဲ ရောက်သွားပြီ (ခါတိုင်း တွေ့နေကျ ဘူဇွာဒီမိုကရေစီ တော် လှန်ရေး ပြီးဆုံးသွားခြင်းကို ပြနေတယ်)၊ ဒီဘူဇွာအစိုးရနဲ့ အပြိုင် “ပစ္စည်းမဲ့လူတန်းစားနဲ့ လယ်သမားထုရဲ့တော်လှန်ရေး ဒီမိုကရေစီ အာဏာရှင်စနစ်” ကို ကိုယ်စားပြုထားတဲ့ စင်ပြိုင်အစိုးရလည်း ရှိနေသေးတယ်။ ဒီ ”ဒု တိယအစိုးရ” ဟာ သူ့လက်ထဲရှိနေတဲ့ အာဏာကို သူကိုယ်တိုင် ဘူဇွာလူတန်းစားလက်ထဲ လွှဲအပ်ပေးခဲ့တယ်၊ သူ့ကိုယ်သူ ဘူဇွာအစိုးရနဲ့ တွဲချည်ထားလိုက်တယ်။ “ဘူဇွာဒီမိုကရေစီ တော်လှန်ရေး မပြီးဆုံးသေးဘူး” ဆိုတဲ့ ရဲဘော် Kamenev ရဲ့ ဘော်ရှီဗစ် ဖော်မြူလာ အဟောင်းက ဒီအရှိတရားကို ဖုံးကွယ်ထားနိုင်သလား။

ဖုံးကွယ်မထားနိုင်ဘူး။ (လီနင်ဦးဆောင်တဲ့ ရပ်ရှား ဆိုရှယ်ဒီမိုကရက်တစ် လေဘာပါတီ စတင်ထူထောင်ချိန်က နေ ၁၉၁၇ ဖေဖော်ဝါရီတော်လှန်ရေးအထိ

ရပ်ရှားတော်လှန်ရေးဟာ ဘူဇွာဒီမိုကရေစီ တော်လှန်ရေးသာ ဖြစ် တယ်။ ဒါ့ကြောင့် ဒီမိုကရေစီ တော်လှန်ရေးအပြီး ပေါ်ပေါက်လာမယ့် အစိုးရဟာ ပစ္စည်းမဲ့လူတန်းစားနဲ့ လယ် သမားထုရဲ့တော်လှန်ရေး ဒီမိုကရေစီ အာဏာရှင်စနစ် ဖြစ်ရမယ်။ ဒီဖော်မြူလာကို လီနင်ရေးတဲ့ two tactics of social democracy ကျမ်းမှာ စတင်ဖော်ထုတ်ခဲ့ခြင်း ဖြစ်တယ်။ ဘော်ရှီဗစ်တွေဟာ ဆယ်စုနှစ်တခုကျော် ဒီ ဖော်မြူလာကို လုပ်ငန်းစဉ်အဖြစ် ကိုင်စွဲပြီး တိုက်ပွဲဝင်လာခဲ့ကြတယ်။ ၁၉၁၇ ဖေဖော်ဝါရီ တော်လှန်ရေးအပြီး ပေါ်ပေါက်လာတဲ့ အခြေအနေတွေ ပြောင်းလဲသွားပေမယ့် ဒီဖော်မြူလာ အဟောင်းကိုပဲ ဆက်ကိုင်စွဲနေကြဆဲ ဖြစ်တယ်။ ဒီဖော်မြူလာကို စတင်ဖော်ထုတ်ခဲ့တဲ့ လီနင်ကတော့ ပစ္စည်းမဲ့လူတန်းစား အာဏာရှင်စနစ်ထူထောင် ရေး၊ ဘူဇွာဒီမိုကရေစီ တော်လှန်ရေးအဆင့်တင် ရပ်မနေဘဲ ဆိုရှယ်လစ်တော်လှန်ရေး အဆင့်ကို ဆက်တိုက် ချီတက်ရေးကို ဖော်ထုတ်လာတယ်။ ဒီအခါ ဘော်ရှီဗစ်ပါတီအတွင်း လီနင်ရဲ့လုပ်ငန်းစဉ်ကို အများစုက လက် မခံကြဘူး။ အရင် ဖော်မြူလာအဟောင်းကိုသာ ဆက်လက်ကိုင်စွဲထားကြတယ်။ ရပ်ရှားမှာ မြေယာတော်လှန် ရေးတောင် မပြီးသေးဘဲ လီနင်က ဘူဇွာဒီမိုကရေစီတော်လှန်ရေး ပြီးဆုံးပြီ ပြောခြင်းကို သူတို့ ဘယ်လိုမှ လက် မခံနိုင်ကြ။ သူကိုယ်တိုင် ဖော်ထုတ်ခဲ့တဲ့ ပစ္စည်းမဲ့လူတန်းစားနဲ့ လယ်သမားထုရဲ့တော်လှန်ရေး ဒီမိုကရေစီ အာဏာရှင်စနစ်ကို လီနင် ဘာပြောခဲ့သလဲ ဆက်ဖတ်ကြည့်ပါ။) ဒီဖော်မြူလာဟာ အတိတ်မှာ ကျန်ခဲ့ပြီ၊ လုံးဝခေတ် မမီတော့ဘူး။ လုံးဝ မကောင်းတော့ဘူး။ သေဆုံးသွားပြီ။ ဒီဖော်မြူလာကို ပြန်လည် အသက်သွင်းဖို့ ကြိုးစားနေ တာ ဘာမှ အသုံးမဝင်ဘူး။

ဒုတိယအချက်က လက်တွေ့ပြသနာ။ အခုချိန်မှာ ဘူဇွာအစိုးရနဲ့ လုံးဝလမ်းခွဲထွက်ပြီး ထူးခြားတဲ့ “ပစ္စည်းမဲ့လူ တန်းစားနဲ့ လယ်သမားထုရဲ့

တော်လှန်ရေး ဒီမိုကရေစီ အာဏာရှင်စနစ်” ရပ်ရှားမှာ ပေါ်ထွက်လာမယ်လို့ ဘယ်သူ သိနိုင်မလဲ။ မသိနိုင်တဲ့အချက်ပေါ် အခြေခံပြီး မာ့(ခ်စ်)ဝါဒ နည်းဗျူဟာကို ချမှတ်ဖို့ မဖြစ်နိုင်ဘူး။ တ ကယ်လို့ ဖြစ်နိုင်တယ်ဆိုရင်တောင် ဒါကို အကောင်အထည်ဖော်ဖို့ တလမ်းသာ ရှိတော့တယ်။ အဲဒါကတော့ ဓန ရှင်ပေါက်စ အစိတ်အပိုင်းတွေနဲ့ ပစ္စည်းမဲ့လူတန်းစား ကွန်မြူနစ်အစိတ်အပိုင်းတွေကို ချက်ချင်း ပြတ်ပြတ်သား သား ခွဲခြားပစ်ရေးပဲ။

ဘာ့ကြောင့်လဲ။ ဓနရှင်ပေါက်စ လူတန်းစားတရပ်လုံး ရှိျုဗင်နဇင် (ဖေဖော်ဝါရီ တော်လှန်ရေး အပြီး ပေါ်ပေါက် လာတဲ့ ဒီမိုကရေစီ သမ္မတနိုင်ငံတော်ကြီးကို ကာကွယ်ဖို့ ပထမကမ္ဘာစစ်မှာ ဝင်တိုက်နေတဲ့ ဘူဇွာအစိုးရကို ခုခံ ကာကွယ်ပေးရမယ် ဆိုတဲ့ defencism) ဘက် ရောက်ကုန်တာ တိုက်ဆိုင်မှု မဟုတ်၊ လိုအပ်ချက် နိယာမအရ ရောက်ကုန်ခြင်းဖြစ်တယ်၊ တိုက်ဆိုင်မှု အရမဟုတ်ဘဲ လိုအပ်ချက် နိယာမအရ ဘူဇွာလူတန်းစားကို ထောက်ခံ လာကြတယ်၊ ဘူဇွာလူတန်းစားကို မှီခိုလာကြတယ်၊ ဘူဇွာလူတန်းစားနဲ့ ပြတ်ပြတ်သားသား လမ်းခွဲထွက်ရမှာ ကို စိုးရွံ့လာကြတယ်၊ စသဖြင့် စသဖြင့်။ အခုချိန်မှာ အာဏာရယူထားနိုင်တာတောင် အာဏာကို ဆက်ယူမ ထားချင်တဲ့ ဓနရှင်ပေါက်စတွေကို အာဏာ ဘယ်လို ထိုးအပ်မလဲ။ ပစ္စည်းမဲ့လူတန်းစား ကွန်မြူနစ်ပါတီက ဒီဓန ရှင်ပေါက်စ ငကြောက်တွေနဲ့ ပြတ်ပြတ်သားသား လမ်းခွဲထွက်ပြီး ပစ္စည်းမဲ့လူတန်းစား တိုက်ပွဲကို ဆင်နွှဲတော့မှ သာ အာဏာပြဿနာကို ဖြေရှင်းနိုင်မယ်။ ပစ္စည်းမဲ့လူတန်းစားကို ဓနရှင်ပေါက်စ လူတန်းစား ဩဇာအောက်က နေ လေနဲ့သာမဟုတ်ဘဲ လက်တွေ့အရပါ ကင်းလွတ်လာအောင် လုပ်ရမယ်။ ဒီတော့မှသာ (အခြေအနေပေး လာတာနဲ့ တပြိုင်နက်) ပစ္စည်းမဲ့လူတန်းစားရဲ့အင်အား ကျစ်လစ်စုစည်းမှုနဲ့ အာဏာသိမ်းနိုင်လိမ့်မယ်။ (တချို့အခြေအနေမှာ) (Chkheidze, Tsereteli, the S.R.s, and Steklov,) တို့ကို ဘူဇွာ အစိုးရက အာဏာအပြည့်

လွှဲပေးတာတောင် ဖြစ်နိုင်သေးတယ်။ အကြောင်းကတော့ သူတို့အားလုံးဟာ "defencist" တွေဖြစ်နေလို့ပဲ။

ဆိုဗီယက်တွေထဲမှာ ရှိနေတဲ့ ပစ္စည်းမဲ့လူတန်းစား အစိတ်အပိုင်းတွေ (ဆိုလိုတာက ပစ္စည်းမဲ့လူတန်းစား ကွန် မြူနစ်ပါတီ) ကို ခနရှင်ပေါက်စ အစိတ်အပိုင်းတွေနဲ့ ချက်ချင်း ပြတ်ပြတ်သားသား ခွဲခြားပစ်ဖို့ဆိုတာ လှုပ်ရှားမှု တခုလုံးရဲ့အကျိုးစီးပွားကို ဖြစ်နိုင်ချေမျိုးထဲက တနည်းနည်းနဲ့ မှန်မှန်ကန်ကန် ဖော်ထုတ်ပေးရေးဖြစ်တယ်။ ပ ထမ တလမ်းက ဘူဇွာလူတန်းစား အပေါ် မှီခိုခြင်းမရှိတဲ့ "ပစ္စည်းမဲ့လူတန်းစားနဲ့ လယ်သမားထုရဲ့တော်လှန် ရေး ဒီမိုကရေစီ အာဏာရှင်စနစ်" နောက်ပုံစံတခု ရပ်ရှားမှာ ထွက်ပေါ်လာတာ ဖြစ်နိုင်တယ်။ ဒုတိယတခုက ခနရှင်ပေါက်စ လူတန်းစားဟာ ဘူဇွာလူတန်းစားနဲ့ လမ်းခွဲမထွက်နိုင်ဘဲ ကျနော်တို့ (ပစ္စည်းမဲ့လူတန်းစား ကွန် မြူနစ်ပါတီ) နဲ့ ဘူဇွာလူတန်းစားကြား အမြဲ ယိမ်းယိုင်နေတာမျိုး ဖြစ်နိုင်တယ်။

(တော်လှန်ရေးပါတီ) တခုရဲ့လုပ်ငန်းတွေကို "ဘူဇွာဒီမိုကရေစီ တော်လှန်ရေး မပြီးဆုံးသေးဘူး" ဆိုတဲ့ ဖော်မြူ လာ သက်သက်နဲ့ လမ်းညွှန်ဖို့ ဆိုရင် ခနရှင်ပေါက်စ လူတန်းစားဟာ ဘူဇွာလူတန်းစားနဲ့ သီးခြားကင်းလွတ် ရပ် တည်နိုင်စွမ်း ရှိကြောင်း အာမခံဖို့ ဆုံးဖြတ်လိုက်တာပဲ။ ဒါဆိုရင်တော့ မင်းဟာ ခနရှင်ပေါက်စလူတန်းစားအပေါ် မင်းကိုယ်မင်း ပုံအပ်လိုက်တာပဲ။

တိုက်ဆိုင်လာလို့ "ပစ္စည်းမဲ့လူတန်းစားနဲ့ လယ်သမားထုရဲ့တော်လှန် ရေး ဒီမိုကရေစီ အာဏာရှင်စနစ်" ဖော် မြူလာနဲ့ ပတ်သက်လို့ ထည့်သွင်းဆွေးနွေးရဦးမယ်။ Two Tactics (၁၉၀၅ခုနှစ်၊ ဇူလိုင်လ) ကျမ်းထဲမှာ အခုလို အလေးထား ဖော်ပြခဲ့တယ် "ကမ္ဘာထဲမှာရှိတဲ့ တခြားအရာအားလုံးလိုပဲ ပစ္စည်းမဲ့လူတန်းစားနဲ့ လယ်သမားထုရဲ့တော်လှန်ရေး ဒီမိုကရေစီ အာဏာရှင်စနစ် မှာလည်း အတိတ်နဲ့ အနာဂတ် ရှိတယ်။ သူ့ရဲ့

အတိတ်က ဘုရင်စ နစ်၊ မြေကျွန်စနစ်၊ သက်ဦးဆံပိုင်စနစ်နဲ့ အခွင့်ထူးတွေ ... သူ့အနာဂတ်ကတော့ ပုဂ္ဂလိက ပိုင်ဆိုင်မှုကို တိုက် ဖျက်ခြင်း၊ အခစား အလုပ်သမားတွေက အရင်းရှင်ကို တိုက်ပွဲဝင်ခြင်း၊ ဆိုရှယ်လစ်စနစ်ဆီ တိုက်ပွဲဝင်ခြင်း...”

ရဲဘော် Kamenev ရဲ့အမှားက ၁၉၁၇ မှာတောင် ပစ္စည်းမဲ့လူတန်းစားနဲ့ လယ်သမားထုရဲ့တော်လှန်ရေး ဒီမို ကရေစီ အာဏာရှင်စနစ်ရဲ့အတိတ်ကိုပဲ မြင်နေသေးတာပဲ။ တကယ့် မြေပြင်မှာ သူ့ရဲ့အနာဂတ်ကို အစပြု ထားပြီ၊ လုပ်ခစား အလုပ်သမားနဲ့ ဓနရှင်ပေါက်စ လူတန်းစားတို့ရဲ့အကျိုးစီးပွားဟာ ကွဲပြားခြားနားကြောင်း ထင်ရှားနေပြီ၊ နယ်ချဲ့စစ်ကို ဘယ်လိုသဘောထားမလဲ ဒီမိုကရေစီ သမ္မတနိုင်ငံတော်ကို ကာကွယ်ကြလို့ သ ဘောထားမလား စတဲ့ အရေးကြီး ပြဿနာတွေမှာကို လုပ်ခစား အလုပ်သမားနဲ့ ဓနရှင်ပေါက်စ လူတန်းစားတို့ မ တူကြတော့ဘူး။

(မှတ်ချက်။ ။ လီနင်ပြောနေတဲ့ ဓနရှင်ပေါက်စ လူတန်းစားထဲမှာ လယ်သမားလူတန်းစားနဲ့ လယ်သမား လူ တန်းစားကိုယ်စားပြု SR ပါတီတွေ ပါဝင်တယ်။ လယ်သမားထုအတွင်းမှာ မြေယာ အလုပ်သမားနဲ့ ဆင်းရဲလယ် သမား တို့ကတဖက်၊ မြေပိုင်လယ်ပိုင် လူတန်းစား တနည်း ပုဂ္ဂလိက ပိုင်ဆိုင်မှု အတိုင်းအတာ တခုထိရှိတဲ့ လယ်သမားလူတန်းစားရဲ့အကျိုးစီးပွား မတူညီပုံ အပေါ်မှာ လီနင်တင်ပြခဲ့တာ မှတ်မိမယ် ထင်ပါတယ်။ လယ် သမားထုတခုလုံး အနေနဲ့ ဘုံလူတန်းစားတခုတည်း တသားတည်း ဖြစ်မနေဘူးဆိုတာ သတိချပ်ဖို့ လိုတယ်။ ဒီ ထဲက သက်သာချောင်ချိတဲ့ ဓနရှင်ပေါက်စ လယ်သမားနဲ့ ကိုယ်စားလှယ်တွေက ဘူဇွ္ဝာအစိုးရ နောက်မြီးဆွဲလုပ် ကုန်တာကို လီနင် တိုက်နေရခြင်း ဖြစ်တယ်)။

အပေါ်မှာ ကိုးကားဖော်ပြခဲ့တဲ့ ရဲဘော် Kamenev စာထဲက ဒုတိယ အမှားကို ကြည့်ရအောင်။ ကျနော့် လုပ်ငန်း စဉ်ဟာ "ဒီ (ဘူဇွာဒီမိုကရေစီ) တော်လှန်ရေးကို ဆိုရှယ်လစ် တော်လှန်ရေးအဖြစ် ချက်ချင်း ကူးပြောင်းခြင်း" အ ပေါ် အခြေတည်ထားတယ်လို့ Kamenev က ဝေဖန်တယ်။

ဒါဟာ မမှန်ပါဘူး။ ကျနော်ဟာ ဒီတော်လှန်ရေးကို ဆိုရှယ်လစ်တော်လှန်ရေး အဖြစ် "ချက်ချင်း ကူးပြောင်းခြင်း" ကို အခြေမခံထားရုံမကဘူး၊ ဒီလို လုပ်ခြင်းကို လက်မခံကြောင်း သတိတောင် ပေးထားသေးတယ်။ ဒါနဲ့ပတ် သက်လို့ စစ်တမ်း နံပါတ်(၈)မှာ အခုလို ဖော်ပြထားတယ် "ဆိုရှယ်လစ်စနစ်ကို ချက်ချင်း စတင်ရေး (to 'introduce' socialism) ဟာ ငါတို့ အခုလုပ်ရမယ့် အလုပ်မဟုတ်ဘူး"။ ငါတို့ တော်လှန်ရေးကို ဆိုရှယ်လစ် တော်လှန်ရေးအဖြစ် ချက်ချင်း ကူးပြောင်းခြင်း မလုပ်တဲ့သူဟာ ဆိုရှယ်လစ်စနစ် စတင်ဖို့ရာ ပြင်ဆင်ထားတဲ့ လက်ငင်းတာဝန် (the immediate task of introducing socialism) ကို ဆန့်ကျင်စရာ အကြောင်းမရှိဘူး၊ (ဒီ နေရာမှာ လီနင် ပြောနေတာကို သတိထားဖတ်ဖို့ အကြံပြုပါရစေ။ ဆိုရှယ်လစ်စနစ်ကို ချက်ချင်း စတင်ရေးကို သူလုပ်ဖို့ ပြောတာမဟုတ်ဘူး၊ ဒါပေမယ့် ဘူဇွာဒီမိုကရေစီ တော်လှန်ရေးမှာတင် တန့်နေရမှာမဟုတ်ဘဲ ဆိုရှယ် လစ်စနစ်ကို စတင်နိုင်အောင် ပြင်ဆင်ထားရမယ့်၊ လက်ငင်းလုပ်ရမယ့် အလုပ်ကို ပြောနေခြင်း ဖြစ်တယ်။ ဆို ရှယ်လစ်စနစ်ကို ချက်ချင်းစတင်ရေး (to 'introduce' socialism) နဲ့ ဆိုရှယ်လစ်စနစ်ကို ချက်ချင်း စတင်နိုင် အောင် လက်ငင်းလုပ်ရမယ့် အလုပ် (the immediate task of introducing socialism) ကို လီနင်က ခွဲရှင်း နေခြင်း ဖြစ်တယ်။ ဆိုရှယ်လစ်စနစ်ကို ချက်ချင်း စတင်ဖို့ သူပြောနေတာ မဟုတ်ဘူး၊ ဆိုရှယ်လစ်စနစ်ကို စ တင်နိုင်အောင် လက်ငင်းလုပ်ရမယ့် တာဝန်ကိုပဲ သူပြောနေတာဆိုတော့ အဲဒီ လက်ငင်းအလုပ်က ဘာပါလဲ)။ လီနင် ပြောတာ ဆက်နားထောင်ရအောင်။

ဒါ့အပြင် "ကွန်မြူးပုံစံ အစိုးရ" ကိုတောင် ရပ်ရှားမှာ ချက်ချင်းအကောင်အထည်ဖော်လို့ မရသေးဘူး။ (ပါရီကွန် မြူး နမူနာကို ယူပြီး ဖွဲ့စည်းထားတဲ့ အစိုးရကို ရည်ညွှန်းပြောခြင်း ဖြစ်တယ်)။ ဒီလို ကွန်မြူးပုံစံ အစိုးရကို ထူ ထောင်နိုင်ဖို့ဆိုရင် ဆိုဗီယက် အားလုံး (နီးပါး)မှာ ရှိတဲ့ ကိုယ်စားလှယ် အများစုက (SR တွေ၊ Chkheidze, Tsereteli, Steklov, etc) အကောင်အထည်ဖော်နေတဲ့ ပေါ်လစီအမှားတွေ၊ နည်းဗျူဟာ အမှားတွေနဲ့ ဒါတွေရဲ့ထိခိုက်ပျက်စီးမှုကို ရှင်းရှင်းလင်းလင်း သဘောပေါက် လက်ခံကြဖို့ လိုတယ်။ ဒီတော့ ကျနော်ဟာ "စိတ်ရှည် လက်ရှည်" ရှင်းပြခြင်းကိုသာ အခြေပြု တည်ဆောက်ကြဖို့ မမှားနိုင်အောင် ကြေညာထားတယ် (ပြောင်းလဲမှု တခုကို "ချက်ချင်း" အကောင်အထည်ဖော်နိုင်ဖို့ စိတ်ရှည်ရှည်ထား ပြင်ဆင်ကြရမယ် မဟုတ်ပါလား)။

[ဒီစာကို လီနင်ရေးနေတာ ၁၉၁၇ ဧပြီလထဲမှာပါ။ Kamenev တို့လို ပရားဗ်ဒါ အယ်ဒီတာအဖွဲ့က လီနင်ဟာ ဖေ ဖော်ဝါရီတော်လှန်ရေးကို ဆိုရှယ်လစ် တော်လှန်ရေးအဖြစ် ချက်ချင်းကူးပြောင်းသွားရေး ပြောနေတယ်လို့ ဝေ ဖန်တယ်။ ဒါကို လီနင် ပြန်ချေဖျက်တာ အင်မတန် သိမ်မွေ့လွန်းလို့ ဘာသာပြန်လိုအပ်ချက်ကြောင့် အဓိပ္ပါယ် အကောက်မလွဲရအောင် ဖြည့်စွက်ရေးသားနေရခြင်း ဖြစ်ပါတယ်။ လီနင်က ဖေဖော်ဝါရီ တော်လှန်ရေးအပြီး ဧ ပြီလထဲမှာပဲ ဆိုရှယ်လစ်တော်လှန်ရေးကို ချက်ချင်းကူးပြောင်းဖို့ သူတင်ပြနေတာ မဟုတ်ဘူး၊ ဆိုရှယ်လစ်စနစ် ကို စတင်နိုင်ဖို့ရာ ပြင်ဆင်ထားရမယ့် လက်ငင်းတာဝန်ကိုသာ သူတင်ပြနေကြောင်း ရှင်းပြတယ်။ အဲဒီ လက် ငင်းတာဝန်က ဆိုဗီယက်ကိုယ်စားလှယ် အများစုကို SR နဲ့ မင်ရှီဗစ်တွေရဲ့နည်းဗျူဟာအမှား၊ ပေါ်လစီအမှားကို သိလာအောင် စိတ်ရှည်ရှည်ထား ရှင်းပြရေးပဲ။ လီနင်တင်ပြတဲ့ လမ်းစဉ်ကို ဆိုဗီယက်အားလုံးနီး ပါးက တကယ်နားလည် လက်ခံလာရေးဟာ

ဆိုရှယ်လစ်စနစ် စတင်နိုင်အောင် လက်ငင်းလုပ်ရမယ့် အလုပ်ပဲ။ လီနင်ဟာ တော်လှန်ရေးဆိုတာ လူထုကိုယ်တိုင်ရဲ့ conscious act ဖြစ်ကြောင်း လက်တွေ့ပြသလိုက်တာ ဖြစ် တယ်။ လူထုကိုယ်တိုင်က သိစိတ်ရှိရှိ နားလည်လက်ခံပြီးမှသာ ဆိုရှယ်လစ်စနစ်ကို စတင်နိုင်မှာဖြစ်ကြောင်း ကောင်းကောင်း သဘောပေါက်သလို လက်တွေ့လို ကျင့်သုံးပြခဲ့တယ်။ ဒါ့ကြောင့် ဘော်ရှီဗစ်တွေရဲ့ လက်ငင်း အလုပ်က ဆိုရှယ်လစ်စနစ် ချီတက်ရေးကို ဆိုဗီယက်အားလုံးနီးပါး သဘောပေါက်လာအောင် Patiently explain လုပ်ရေးလို့ သူတင်ပြခဲ့ခြင်း ဖြစ်တယ်။ Kamenev တို့ စွပ်စွဲဝေဖန်သလို ဧပြီလထဲမှာတင် ဆိုရှယ်လစ် တော်လှန်ရေး ကောက်လုပ်ရေး မဟုတ်။ စိတ်ရှည်ရှည်ထား ရှင်းလင်း စည်းရုံးပြီး ဆိုဗီယက်အားလုံးနီးပါးက ဘော်ရှီဗစ်လမ်းစဉ်ကို နားလည်လက်ခံလာတဲ့ ၁၉၁၇ အောက်တိုဘာကျမှ ဆိုရှယ်လစ်တော်လှန်ရေးကို ဆင်နွှဲ ခဲ့ခြင်း ဖြစ်တယ်။]

ရဲဘော် Kamenev ဟာ သူဖြစ်ချင်တဲ့ စိတ်ဆန္ဒပြင်းပြမှုကို ထိန်းမနိုင် သိမ်းမရဖြစ်လာပြီး ပါရီကွန်မြူးနစ်အပေါ် ဘူဇွာလူတန်းစားရဲ့ ဘက်လိုက်မြင်စိတ်ကို ထပ်တလဲလဲ လှစ်ဟပြခဲ့တယ်၊ ပါရီကွန်မြူးဟာ ဆိုရှယ်လစ်စနစ်ကို “ချက်ချင်း” စတင်ဖို့ လောကြီးခဲ့တယ်လို့ ထပ်တလဲလဲ ထုတ်ပြောခဲ့တယ်။ တကယ်တော့ ဒီလို မဟုတ်ဘူး။ ပါရီ ကွန်မြူးဟာ ဆိုရှယ်လစ်စနစ်ကို စတင်ရာမှာ နှေးကွေးလွန်းခဲ့တယ်။ ကွန်မြူးရဲ့ တကယ့်အနှစ်က ဘူဇွာတွေ မြင်နေကျ အရာမဟုတ်ဘူး၊ ထူးခြားတဲ့ အစိုးရပုံစံ ဖန်တီးခဲ့ခြင်းဟာ ကွန်မြူးရဲ့ တကယ့်အနှစ်သာရပဲ။ ကွန်မြူး အစိုးရပုံစံဟာ ရပ်ရှားမှာ စတင်ပေါ်ထွန်းလာပြီ။ အဲဒါကတော့ အလုပ်သမား ဆိုဗီယက်နဲ့ စစ်သားဆိုဗီယက်တွေ ပဲ။

ရဲဘော် Kamenev ဟာ ပေါ်ပေါက်လာတဲ့ ဆိုဗီယက်တွေရဲ့ အရေးပါမှု၊ ဒီဆိုဗီယက်တွေနဲ့ ကွန်မြူးအစိုးရ အမျိုး အစားတူတာ၊ လူမှု-နိုင်ငံရေး

လက္ခဏာ တူနေတာတွေကို အလေးအနက်ထား မစဉ်းစားဘူး။ ဒီအချက်ကို လေ့ လာရမယ့်အစား ကျနော်ဟာ အနာဂတ်ကို ချက်ချင်းလက်ငင်း တည်ဆောက်နေတယ်လို့ စွပ်စွဲပြောဆိုနေ တယ်။ ရလဒ်ကတော့ ဘူဇွာတွေ သုံးနေကျ နည်းကိုပဲ ထပ်ဖန်တလဲလဲ အသုံးပြုမိတာပဲ။ ဆိုဗီယက်ဆိုတာ ဘာတွေလဲ၊ ဆိုဗီယက်တွေဟာ ပါလီမန်သမ္မတနိုင်ငံတော်ထက် ပိုအဆင့်မြင့်သလား၊ ဆိုဗီယက်တွေဟာ လူထုအ တွက် ပိုအသုံးဝင်သလား၊ ပိုပြီး ဒီမိုကရေစီကျသလား၊ လူတန်းစားတိုက်ပွဲအတွက် ပိုအဆင်ပြေသလား ဥပမာ- သီးနှံတွေပြတ်တောက်ကုန်တာကို ဖြေရှင်းရာမှာ ပိုအသုံးတည့်သလား စသဖြင့်။ ဒီလို လက်တွေ့မှာ သေရေး ရှင်ရေး အရေးကြီးတဲ့ ပြဿနာတွေကနေ ဘာမှအနှစ်မပါတဲ့ (သိပ္ပံနည်းကျ ဖြစ်ကောင်းဖြစ်လိမ့်မယ်) ပညာတတ်ဆန်လွန်းတဲ့ "ချက်ချင်းကူးပြောင်းခြင်းအပေါ် အခြေခံထားခြင်း" လိုမျိုး မေးခွန်းအသေတွေဆီ အာရုံလွှဲပစ် လိုက်တယ်။

(ရဲဘော် Kamenev ဟာ) ပျင်းရိငြင်းငွေ့ဖွယ် ပြဿနာကို မှားမှားယွင်းယွင်း ပုံဖော်ခဲ့ခြင်း ဖြစ်တယ်။ အလုပ်သ မားတွေ၊ စစ်သားတွေနဲ့ လယ်သမားတွေက ခက်ခဲတဲ့ လက်တွေပြဿနာတွေ၊ သီးနှံတွေ ပိုထွက်အောင် ထုတ် လုပ်ခြင်း ပြဿနာတွေကို ဗျူရိုကရက် အရာရှိတွေထက် ကောင်းကောင်း ဖြေရှင်းနိုင်တယ်၊ စားနပ်ရိက္ခာတွေ ဖြန့်ဖြူးခြင်းနဲ့ စစ်သားတွေကို ထောက်ပံ့ခြင်း စတဲ့ စတဲ့ ပြဿနာတွေကိုလည်း အရာရှိတွေထက် ကောင်း ကောင်း လုပ်နိုင်တယ်။ ကျနော်ဟာ ဒီအချက်ပေါ်မှာပဲ အခြေခံထားခြင်း ဖြစ်တယ်။

ဆိုဗီယက်တွေဟာ လူထုရဲ့အမှီအခိုကင်းကင်းနဲ့ လွတ်လွတ်လပ်လပ် လုပ်ဆောင်ခြင်းကို ပါလီမန်သမ္မတနိုင်ငံ တော်ထက် ပိုပြီးမြန်မြန်ဆန်ဆန် ထိထိရောက်ရောက်နဲ့ လက်တွေ့ဖော်ဆောင်နိုင်လိမ့်မယ်လို့ ကျနော် အလေး အနက်ထား ပြောပါတယ်။ (ဆိုဗီယက်စနစ်နဲ့ ပါလီမန်သမ္မတနိုင်ငံတော်ကို

နောက်စာတပုဒ်မှာ အကျယ်တဝင့် နှိုင်းယှဉ်တင်ပြပါဦးမယ်)။
ဆိုရှယ်လစ်စနစ်ဆီ ချီတက်ရာမှာ လုမ်းရမယ့် ခြေလှမ်းတိုင်းကို
ဆိုဗီယက်တွေက ထိထိရောက်ရောက်နဲ့ ပိုပြီးလက်တွေ့ကျစွာ၊ ပိုပြီးမှန်ကန်စွာ
ဆုံးဖြတ်နိုင်လိမ့်မယ်၊ ဒီအလုပ်တွေကို ဘယ်လို အ ကောင်အထည်ဖော်ရမလဲ
ဆိုတာလဲ ပိုပြီးလက်တွေ့ကျစွာ၊ ပိုပြီးမှန်ကန်စွာ ဆုံးဖြတ်နိုင်လိမ့်မယ်။
ဘဏ်တွေ အားလုံးကို ဗဟိုဘဏ်တခုတည်းအဖြစ် ပေါင်းစည်ပြီး
ဆိုဗီယက်တွေက ထိန်းချုပ်ခြင်းဟာ ဆိုရှယ်လစ်စနစ် မ ဟုတ်သေးဘူး၊
ဆိုရှယ်လစ်စနစ်ဆီ ချီတက်ရာ ခြေတလှမ်းသာ ဖြစ်တယ်။ ဂျာမနီမှာ
ဒီခြေလှမ်းတွေကို ဘူဇွာ လူတန်းစားက လူထုကို သွေးစုပ်ရာမှာ စလှမ်းထားပြီ။
အစိုးရအာဏာ တစုံလုံးသာ ဆိုဗီယက်တွေ လက် ထဲ ရောက်သွားရင်
ဆိုဗီယက်တွေက လူထုအကျိုးအတွက် ဒီခြေလှမ်းတွေကို
ပိုပြီးထိထိရောက်ရောက် အ ကောင်အထည် ဖော်နိုင်လိမ့်မယ်။

ဆိုရှယ်လစ်စနစ် ချီတက်ဖို့ ဘာတွေက တွန်းအားပေးနေတာလဲ။
သရောကြီးခိုင်းခြင်း၊ စီးပွားရေး ပြိုကွဲလာခြင်း၊ ပြိုကျလုဆဲဆဲ ဖြစ်လာခြင်း၊
စစ်ရဲ့ရက်စက်ကြမ်းကြုတ်မှုတွေ၊ လူသားမျိုးနွယ်ပေါ် စစ်ကြောင့် ဖြစ်ပေါ်
လာတဲ့ ထိခိုက်နာကျင်မှုတွေ။ ဒါတွေက ဆိုရှယ်လစ်စနစ်ဆီ ချီတက်ရေးကို
တွန်းအားပေးနေတယ်။

ရဲဘော် Kamenev က ဒီမှတ်ချက်နဲ့ သူ့ဆောင်းပါးကို အဆုံးသတ်ထားတယ်
"နောက်ဆုံးချိန်ထိ တော်လှန် သော လူထုရဲ့ပါတီကို ပစ္စည်းမဲ့လူတန်းစား ပါတီ
ဆက်ဖြစ်နေစေဖို့ နဲ့ ကွန်မြူနစ် ဝါဒဖြန့်ချိရေး အုပ်စုအဆင့်
လျှောကျမသွားဖို့ဆိုရင် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးတဲ့အခါ တော်လှန်သော
ဆိုရှယ်ဒီမိုကရေစီရဲ့တခုတည်း သော သူ့ရဲ့ရှုမြင်သုံးသပ်ချက်ကို
ဆက်လက်ကိုင်စွဲသွားမယ်လို့ မျှော်လင့်ထားတယ်" ။

ကျနော့်အဖို့ ဒီစကားလုံးတွေဟာ ပကတိ အခြေအနေကို လုံးဝ မှားယွင်းစွာ အကဲဖြတ်သုံးသပ်မှုကို ဖော်ပြနေ တယ်။ ရဲဘော် Kamenev က “လူထုပါတီ” နဲ့ “ဝါဒဖြန့်ချိရေး အုပ်စု” ကို ဆန့်ကျင်ဖက်ပြု နှိုင်းယှဉ်ပြတယ်။ ဒါ ပေမယ့် “လူထု” ဟာ “တော်လှန်သော” defencism ရဲ့ သွေးထိုးလှုံ့ဆော်မှုကို မငြင်းဆန်နိုင်ကြဘူး။ အခုကာ လမှာ အင်တာနေရှင်နယ်ဝါဒီတွေအနေနဲ့ လူထုနဲ့အတူစီးမျောရေးထက် “လူထု” အဆိပ်တက်နေခြင်းကို ခုခံနိုင် ကြောင်း ပြဖို့ ပိုမလိုအပ်ဘူးလား ဆိုလိုတာက အထွေထွေ ကပ်ဘေးကို မရှောင်ရှားနိုင်ဘူးလား။ နယ်ချဲ့စစ်ကို တိုက် နေကြတဲ့ ဥရောပ တိုင်းပြည်အားလုံးမှာ ရှိုဗင်နစ်တွေက သူတို့ဟာ “လူထုနဲ့အတူရှိနေ” ချင်ပါတယ်ဆိုပြီး တ ရား ထူထောင်ပြတာ ကျနော်တို့ တွေ့မနေရဘူးလား။ “လူထု” အဆိပ်သင့်နေတာကို ဆန့်ကျင်တားဆီးဖို့ အချိန် တခုကြာအောင် ငါတို့ဟာ အနည်းစုအဖြစ် ရပ်ခံနိုင်စွမ်း မရှိကြဘူးလား။ အခုလိုအချိန် defencist မှိုင်းတွေနဲ့ ဓန ရှင်ပေါက်စ “လူထု” အဆိပ်သင့်မှုတွေကနေ ပစ္စည်းမဲ့လူတန်းစား လိုင်းကို ခွဲထုတ်ရေးမှာ ဝါဒဖြန့်ချိရေးအလုပ် က အဓိက မကျပေဘူးလား။ လူထု ဆိုတဲ့ အရာထဲမှာ လူတန်းစား ကွာခြားချက်တွေ ဘေးဖယ်ပြီး ပစ္စည်းမဲ့လူ တန်းစားနဲ့ ပစ္စည်းမဲ့လူတန်းစား မဟုတ်သူတွေ ရောထွေးနေခြင်းဟာ defencist ကပ်ဘေးပေါ်ပေါက်လာစေတဲ့ ရေခံမြေခံ တခုဖြစ်နေတယ်။ ပစ္စည်းမဲ့လူတန်းစား လိုင်း ကို ဖော်ထုတ်နေတဲ့ “ဝါဒဖြန့်ချိရေး အုပ်စု” ကို အထင် သေးသလို နှိမ့်ချသလို ပြောခြင်းဟာ ဘယ်လိုမှ အဓိပ္ပါယ်ရှိတဲ့ လုပ်ရပ်မဟုတ်ပေ။

Letters on Tactics Written by V.I. Lenin between April 8 and 13 (21 and 26), 1917

လီနင် နှစ်(၁၅၀) ပြည့် အထိမ်းအမှတ် အဖြစ် ဘာသာပြန် ဖော်ပြခဲ့ခြင်းဖြစ်သည်။

စာတည်းအဖွဲ့

ကွန်မြူနစ်စာစောင်

# သံတမန်နည်းကျကျ နည်းဗျူဟာရှိရှိ ဆက်ဆံပြောဆိုခြင်း

ဤအစီအစဉ်တွင် သံတမန်နည်းကျကျ နှင့် နည်းဗျူဟာရှိရှိ ဆက်ဆံပြောဆို၍ ပူးပေါင်းဆောင်ရွက်မှုကို ဖန်တီးနိုင်ရန်၊

**ဘာသာစကား:** English

ဤအစီအစဉ်တွင် သံတမန်နည်းကျကျ နှင့် နည်းဗျူဟာရှိရှိ ဆက်ဆံပြောဆို၍ ပူးပေါင်းဆောင်ရွက်မှုကို ဖန်တီးနိုင်ရန်၊ မျှော်မှန်းရလဒ်များကို ရယူနိုင်ရန် သင့်ကို ကူညီပေးသွားမည်ဖြစ်ပါသည်။ သင့်ကိုယ်တိုင်အတွက် ရပ်တည်ရာတွင် သူများကို ထိခိုက်ခြင်းမရှိဘဲ ထိရောက်အောင်မြင်မှုသာရှိခဲ့ပါက ၎င်းသည် သင်၏ အများနှင့် ဆက်ဆံရေးကို ပိုမိုအားကောင်းလာစေပြီး၊ ထိုကဲ့သို့ ဆက်ဆံရေးမှတစ်ဆင့် ကောင်းကျိုးရလဒ်များကို ပေးစွမ်းနိုင်ပါမည်။ သံတမန်နည်းကျကျ ဆက်သွယ်ပြောဆိုခြင်း စွမ်းရည်များသည် သင့်ရဲ့လုပ်ငန်းလုပ်ဆောင်မှု ပုံရိပ်ကို မြှင့်တင်ပေးနိုင်ရုံသာမက လူအများကလည်း သင့်ကို နှစ်ခြိုက်လာစေနိုင်ပါသည်။

***သင်လေ့လာသင်ယူရမည့် အရာများ***

သင် ပြောဆိုဆက်ဆံရာတွင် အများနှင့် လိုက်လျောညီထွေစွာ ပြောင်းလွယ်ပြင်လွယ်ရှိအောင် ကြိုးစားပြီး ရလိုသော ရလဒ်များကို လိုက်၍ သင်ပေးချင်သော အချက်အလက်များ၏ အဓိကအကြောင်းအရာကို ချိန်ညှိပါ။ သင့်ကို အလွယ်တကူ စိတ်ပျက်စေသော အရာများကို ထိန်းချုပ်နိုင်ရန် ကြိုးစားပြီး ဒီအတိုင်းပြန်လည်ပြောဆိုခြင်း (React) ထက် ထိရောက်သော တုန့်ပြန်ပြောဆိုမှု (Response) ဖြစ်အောင် ကြိုးစားပါ။ အငေဖန်ခံရသည့်အခါ တည်ငြိမ်စွာ တုန့်ပြန်နိုင်ရန်

ကြိုးစားပါ။ ဖိအားများ နှင့် ကြုံလာရသည့်အခါ မလိုလားအပ်သော ပဋိပက္ခမျိုးမဖြစ်အောင် တည်ငြိမ်အောင်နေပါ။

***သင်ဘာကြောင့် ဤသည်ကိုသင်ယူချင်ရသည်***

သင့်အတွက် မတွေ့ကြုံဖူးသေးသည့် အခြေအနေများ သို့မဟုတ် သင့်ကို အခက်တွေ့စေသည့်အခြေအနေများနှင့် တွေ့ကြုံရသည့်အခါ လျင်လျင်မြန်မြန် နှင့် လုလှုပပ ဖြေရှင်းလာနိုင်ပါလိမ့်မည်။ သင် လူအများနှင့် ပြောဆိုဆက်ဆံခြင်း၊ ယုံကြည်မှုရှိရှိ၊ ရိုးရိုးသားသား ပြောဆိုခြင်း၊ သင့် စိတ်ခံစားချက်များကို ထိန်းချုပ်နိုင်ခြင်း၊ အပြုသဘောရှိရှိနှင့် ဝေဖန်ခြင်း နှင့် အဝေဖန်ခံခြင်း၊ သင့်ကိုယ်သင် အင်အားကြီးမားသော (သို့သော် အများကို အန္တရာယ်မပြုသော)သူအဖြစ် ချပြခြင်း စသည်တို့ကို သိရှိနားလည်လာပါလိမ့်မည်။ အရေးအကြီးဆုံးမှာ သူများကို မတိုက်ခိုက်ဘဲ၊ ပဋိပက္ခမဖြစ်စေသော အပြုအမူနှင့် ပြောဆိုဆက်ဆံနိုင်လာစေရန် ရည်ရွယ်ပါသည်။

***သင့်ကို မည်သို့ ကူညီပေးမည်***

ဤသင်တန်းသည် သင့် ပေါင်းသင်းဆက်ဆံရေးနှင့် ပတ်သက်၍ အားသာချက် အားနည်းချက်များကို မီးမောင်းထိုးပြသွားမည်ဖြစ်ပါသည်။ သဘောတူလက်ခံနိုင်လောက်အောင် ငြင်းဆိုတတ်ရန် သင်ယူရပါမည်။ ခက်ခဲသော အခြေအနေများကို သံတမန်နည်းကျကျ နှင့် ယုံကြည်မှုရှိရှိ ရင်ဆိုင်ရဲပြီး အားကောင်းသော၊ သဘောထားမျှတသော ခေါင်းဆောင်တစ်ယောက်အဖြစ် သင့်ရဲ့ပုံရိပ်ကို တည်ဆောက်ပါ။

# လက်နက်ကိုင်ဆန့်ကျင်မှုများ၏မူလအစ စေ့ဆော်မှုမဟာဗျူဟာနှင့် နည်းဗျူဟာများ ဒေးဗစ်စကော့မက်သီဆင်

By ISP Admin

In BOOK REVIEWS, MYANMAR QUARTERLY, Uncategorized

6 months ago

9 Min read

Add comment

149 views

လ




ယခုအညွှန်းသည် Seth G. Jones, Waging Insurgent Warfare. Lessons from the Vietcong to the Islamic State, New York: Oxford University Press, 2017 စာအုပ်ကို ဝေဖန်သုံးသပ်ဖော်ပြထားခြင်းဖြစ်သည်။

သောင်းကျန်းသူဆန့်ကျင်ရေး စစ်ဆင်ရေးတွေအပေါ်လေ့လာမှု (COIN) ဟာ၊ ၂၀၀၃ ခုနှစ်ဝန်းကျင်မှာ တကျော့ပြန် ခေတ်စားလာပါတယ်။ အကြောင်းကတော့ အမေရိကန် ပြည်ထောင်စုနဲ့ ၎င်းရဲ့မဟာမိတ် အနောက်နိုင်ငံတပ်ဖွဲ့တွေက အီရတ်နဲ့ အာဖဂန်နစ္စတန်ရဲ့ပြည်တွင်းစစ်ထဲမှာ နစ်မြုပ်ခေါင်းမဖော်နိုင် ဖြစ်နေကြရတာကြောင့်ပါ။ အင်ဒိုချိုင်းနားစစ်ပွဲတွေအတွင်း အမေရိကန်ပြည်ထောင်စုက ဆယ်စုနှစ်နှစ်ခုစာလောက် ပါဝင်ပတ်သက်ခဲ့လို့ သောင်းကျန်းသူချေမှုန်းရေးစစ်ဆင်ရေး (COIN) နဲ့ပတ်သက်ပြီး၊ ခက်ခဲတဲ့သင်ခန်းစာတွေ ရရှိခဲ့ဖူးပါတယ်။ အဲဒီသင်ခန်းစာတွေကိုလည်း မေ့မေ့ပျောက်ပျောက် ရှိနေခဲ့ကြပါတယ်။ စစ်အေးခေတ်အတွင်းမှာ တော့ အနောက်စစ်အုပ်စု တပ်မတော်တွေအနေနဲ့ ဥရောပမှာ ဝါဆောစစ် အုပ်စုဝင်တပ်ဖွဲ့တွေနဲ့ ရင်ဆိုင်တွေ့ဖို့၊ အကြီးစား ပုံမှန်စစ်ပွဲကြီးတွေအတွက်ပဲ အစီအစဉ်ဆွဲ ပြင်ဆင်ထားခဲ့ကြပါတယ်။

၁၉၉၀ ပြည့်နှစ်များမှာ ပေါ်ပေါက်လာတဲ့ ရှုပ်ထွေးပွေလီတဲ့ နိုင်ငံရေးအခင်းအကျင်းတွေအတွက် မျှော်လင့်ပြင်ဆင်ထားမှု အားနည်းခဲ့ပါတယ်။ အဲဒါအပြင် ဆိုမာလီယာနဲ့ ယခင် ယူဂိုဆလား ဗီးယားမှာ ရှုပ်ထွေးပြန့်ကျဲ၊ ကပ်ဘေးသင့်သလို အခြေအနေမျိုးတွေကြားထဲ လူသားချင်းစာနာမှု အရ ဝင်ရောက်စွက်ဖက်ရတာမျိုးတွေအတွက်လည်း ကြိုတင်မျှော်လင့်ထားတာမျိုး မရှိခဲ့ပါဘူး။ ဒါပေမဲ့ အင်အားစုဘက်ပေါင်းစုံ ပါဝင်ပတ်သက်နေတဲ့ အရှေ့အလယ်ပိုင်းဒေသ အရေးအခင်းများ တွေမှာ ပါဝင်ရဖို့ဖြစ်လာတာကြောင့် အနောက်တိုင်း စစ်ရေးအစီအစဉ် ချမှတ်သူတွေအနေနဲ့ ကျမ်းရိုး သောင်းကျန်းသူချေမှုန်းရေး စစ်ဆင်ရေးကိစ္စတွေကို ပြန်ကြည့်ရဖို့ တွန်းအားဖြစ်လာစေ ပါတယ်။ အယ်လ်ဂျီးရီးယားအရေးမှာ ပြင်သစ်က လုပ်ဆောင်ခဲ့ရတာတွေနဲ့ မာလာယုကျွန်းဆွယ် မှာ ဗြိတိသျှစစ်တပ်တွေ ရခဲ့တဲ့အတွေ့အကြုံများ၊ အခြားသော ပြည်တွင်းစစ်များက သင်ခန်းစာ တွေကို ကြည့်လာရပါတော့တယ်။

ဒီစာအုပ်မှာတော့ စာရေးသူ ဆက်သ်ဂျုံး (Seth Jones) ရဲ့လေ့လာမှုအသစ်က လက်နက် ကိုင်ဆန့်ကျင်မှုများရဲ့မူလအစ၊ ယင်းအဖွဲ့အစည်းများနဲ့ ယင်းတို့ရဲ့စေ့ဆော်မှုများ၊ မဟာဗျူဟာနဲ့ နည်းဗျူဟာတွေကို ကြည့်ပါတယ်။ သူက အဲဒီအဖွဲ့အစည်းတွေကို ကြည့်မြင်ထားပြီး၊ အကျယ် အပြန့်သော စိတ်ဝင်စားဖွယ် ဖြစ်ရပ်လေ့လာမှုများ (case studies) နဲ့ ကာလ အပိုင်းအခြားတွေ ကိုလည်း ဖော်ပြခဲ့ပါတယ်။ ဒီစာအုပ်က အဓိကမေးခွန်းလေးခုကို ဖြေဆိုဖို့ ကြိုးပမ်းထားတာ တွေ့ရပါတယ်။

မေးခွန်းတွေကတော့

(၁) လက်နက်ကိုင်ဆန့်ကျင်မှုတခု ဖြစ်ပေါ်လာစေဖို့ အကြောင်းရင်းတွေဟာ ဘာတွေလဲ။

(၂) လက်နက်ကိုင် ဆန့်ကျင်မှုတခုကို လုပ်ဆောင်တဲ့အခါမှာ အဓိက ပါဝင်တဲ့ အရေးပါတဲ့ အစိတ်အပိုင်းတွေက ဘာတွေဖြစ်နိုင်မလဲ။ မဟာဗျူဟာ၊ နည်းဗျူဟာတွေ၊ အဖွဲ့အစည်း ဖွဲ့စည်းတည်ဆောက်ပုံတွေနဲ့ ပြင်ပအထောက်အပံ့ရှာဖွေခြင်း အစရှိသဖြင့် ကိစ္စတွေပါ။

(၃) လက်နက်ကိုင် ဆန့်ကျင်မှုတွေက ဘယ်လို အဆုံးသတ်လေ့ရှိသလဲ။

(၄) ဒီလေ့လာမှုကနေပြီး သောင်းကျန်းသူချေမှုန်းရေး၊ စစ်ဆင်ရေးအတွက် ဘယ်လို သင်ခန်းစာတွေ ရရှိနိုင်သလဲ ဆိုတာတွေပဲ ဖြစ်ပါတယ်။ ဆက်သ်-ဂျုံးကတော့ လက်နက် ကိုင်ဆန့်ကျင်မှုဆိုတာ ‘အစိုးရတရပ်ကို ဖြုတ်ချရန်၊ သို့မဟုတ် နိုင်ငံတနိုင်ငံမှ ခွဲထွက်ရန် အတွက် အစိုးရမဟုတ်တဲ့ အဖွဲ့တဖွဲ့ သို့မဟုတ် အဖွဲ့များက ဆောင်ရွက်တဲ့ နိုင်ငံရေးနဲ့ စစ်ရေးလှုပ်ရှားမှု’လို့ အဓိပ္ပာယ်ဖွင့်ပါတယ်။ (စာ-၇)


WAGING
INSURGENT
WARFARE
LESSONS FROM THE VIETCONG TO THE ISLAMIC STATE
SETH G. JONES

ဒုတိယကမ္ဘာစစ်အပြီး ကာလကနေ ၂၀၁၅ ခုနှစ်အထိ ပျမ်းမျှအားဖြင့် ၁၂ နှစ်မှ ခုနစ်နှစ်အထိကြာမြင့်တဲ့ ပဋိပက္ခစစ်ပွဲတွေ အပါအဝင် လက်နက်ကိုင် ဆန့်ကျင်မှုပေါင်း ၁၈၁ ခုခန့် ရှိခဲ့တယ်လို့ ဂျုံးက ခန့်မှန်းတင်ပြ ထားပါတယ်။ လက်နက်ကိုင် ဆန့်ကျင်မှု အရေအတွက် အများဆုံးဖြစ်ခဲ့တဲ့ အချိန်က တော့ လူအသေအကြေများခဲ့တဲ့ စစ်အေး တိုက်ပွဲလွှန်ကာလဖြစ်တဲ့ ၁၉၉၂ ခုနှစ်ဖြစ်ပြီး၊ လက်နက်ကိုင်ဆန့်ကျင်မှု စုစုပေါင်း ၆၀ ခန့် ရှိခဲ့ပါတယ်။ ယခုလက်ရှိ ကာလမှာတော့ ကမ္ဘာတဝန်းလုံးမှာ လက်နက်ကိုင်ဆန့်ကျင်မှု စုစုပေါင်း ၃၈ ခုရှိပြီး ယင်းတို့အနက်မှ ခြောက် နိုင်ငံကတော့ တချိန်တည်းမှာပဲ လက်နက်ကိုင် ဆန့်ကျင်မှုပေါင်းစုံ ရင်ဆိုင်နေရတာ ဖြစ်ပါ တယ်။ အဲဒီ ခြောက်နိုင်ငံကတော့ မြန်မာ၊ အိန္ဒိယ၊ အီသီယိုးပီးယား၊ ပါကစ္စတန်၊ ဖိလစ် ပိုင်နဲ့ ယီမင်နိုင်ငံတို့ပဲ ဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ပြည်တွင်းစစ် သက်တမ်း အရှည်ဆုံးနဲ့ ခေတ်သစ်နိုင်ငံရေးသမိုင်းမှာ အရှုပ်ထွေးဆုံးအဖြစ် ထူးခြားနေတာလည်း ဖြစ်ပါတယ်။ ဂျုံးက လက်နက်ကိုင်ဆန့်ကျင်မှု ၁၈၁ ခု ပါဝင်တဲ့၊ ကျယ်ပြန့်သော အချက်အလက် စုဆောင်းမှုကို အသုံးပြုပြီး၊ အံ့သြဖွယ် နိဂုံးချုပ်မှုကို ဖော်ပြခဲ့ပါတယ်။ လက်နက်ကိုင်ဆန့်ကျင်မှု ၁၈၁ ခုအနက်မှ ၃၅ ရာခိုင်နှုန်းဟာ အစိုးရတရပ်ကိုဖြုတ်ချဖို့ ဒါမှမဟုတ် လွတ်လပ်ရေးရရှိဖို့ ဦးတည်ချက် အောင် မြင်ခဲ့ပြီး၊ ၃၆ ရာခိုင်နှုန်းကတော့ အစိုးရတွေက စစ်မြေပြင်တိုက်ပွဲတွေမှာ ချေမှုန်းနိုင်ခဲ့ပါတယ်။ ကျန် ၂၉ ရာခိုင်နှုန်းကတော့ (သရေပွဲ) တနည်း သဘောတူညီမှုရတာ၊ သို့မဟုတ် ရှေ့မတိုး နောက်မဆုတ်သာ အခြေအနေဖြစ်သွားတာ တွေ့ရပါတယ်။ စာရေးသူရဲ့ မှတ်ချက်အရ ‘သင် ကြိုက်သည်ဖြစ်စေ မကြိုက်သည်ဖြစ်စေ လက်နက်ကိုင်ဆန့်ကျင်မှုတွေကို စစ်မြေပြင်မှာပဲ ဖြေရှင်းလို့ရတယ်။ ငြိမ်းချမ်းရေးစားပွဲဝိုင်းမှာ မဟုတ်ဘူး’လို့ ဆိုထားပါတယ်။ (စာ-၁၀)
ဂျုံးက လက်နက်ကိုင်ဆန့်ကျင်မှုတခုကို အဓိကကျတဲ့ ဇာတ်ကောင် (actor) သုံးဦးထား ပြီး လေ့လာခဲ့ပါတယ်။ လက်နက်ကိုင်သူနှင့် ၎င်းတို့ရဲ့ ဒေသခံမဟာမိတ်များ၊ အစိုးရနှင့် ၎င်းရဲ့ မဟာမိတ်များ (ဥပမာ- ပြည်သူ့စစ် လက်နက်ကိုင်တပ်ဖွဲ့လိုမျိုး)နဲ့ ပြင်ပနိုင်ငံများနဲ့ ၎င်းတို့ လက်ဝေခံအုပ်စုတွေ အစရှိသဖြင့် လေ့လာခဲ့ပါတယ်။ သူက သတိပေးဖော်ပြတာကတော့ သူတို့ရဲ့ မဟာဗျူဟာရဖို့ လက်နက်ကိုင်ဆန့်ကျင်သူတွေက ဘယ်လို ဆောင်ရွက်ကြသလဲဆိုတာ ပဲ ဖြစ်ပါတယ်။ သူ့ဖော်ပြချက်အရ ပြောက်ကျားစစ်ပွဲ ဆင်နွှဲသလား၊ သမားရိုးကျစစ်ပွဲလား၊ ပြစ်ဒဏ်ပေးခြင်း (လူထုအပေါ် လက်စားချေတိုက်ခိုက်ခြင်း)မျိုး လုပ်သလား စသည်ဖြင့် ဘယ်လို တိုက်ခိုက်ပုံကို ရွေးချယ်သလဲဆိုတာ ဖြစ်ပါတယ်။ နည်းဗျူဟာကလည်း အရေးကြီးပါတယ်။ ခြုံခိုတိုက်ခိုက်ခြင်း၊ ရုတ်တရက် ဝင်ရောက်စီးနင်းခြင်း၊ ဖောက်ခွဲဖျက်ဆီးခြင်း၊ သပ်လျှိုချိုနှဲ့ခြင်း၊ လုပ်ကြံခြင်း၊ ကိုယ်လက်အင်္ဂါဖြတ်တောက်ခြင်းနဲ့ ဗုံးခွဲတိုက်ခိုက်ခြင်းတွေ ဆောင်ရွက်လေ့ ရှိပါ တယ်။ ဒါပေမဲ့ ချိန်ဆတွက်ချက် လုပ်ကြတာပါ။ အကြောင်းကတော့ ‘လက်နက်ကိုင်အဖွဲ့တွေက ဒီတိုက်ခိုက်မှုတွေဟာ အရပ်သားတွေကို မခွဲခြားဘဲ ထိခိုက်သေကြေစေမယ်ဆိုရင်တောင် ပြည် တွင်းနဲ့ နိုင်ငံတကာ ထောက်ခံမှုတွေကို လျော့နည်းပျက်စီးစေမှာမျိုး မဖြစ်အောင် ရှောင်ကြဉ်

ကြပါတယ်’။ ဒေသခံလူထုတွေကို လွှန်ကဲစွာ ပြစ်ဒဏ်ပေးတာမျိုး အပါအဝင် နည်းဗျူဟာတွေကတော့ ထောက်ခံမှု ကျဆင်းစေပါတယ်။ အောင်ပွဲမရနိုင်တဲ့ အန္တရာယ်လည်း ရှိပါတယ်’ (စာ-၁၁) အခြား ထည့်သွင်းစဉ်းစားချက်တွေမှာတော့ အဖွဲ့အစည်းဖွဲ့စည်းမှု ရွေးချယ်ပုံပါ။ လူထုဆက်ဆံရေးနဲ့ ဝါဒဖြန့်မှုအပါအဝင် သတင်းပြန်ကြားရေးလုပ်ငန်းများ၊ ပြင်ပ အထောက်အပံ့ရယူခြင်း ကိစ္စတွေကိုလည်း စဉ်းစားကြပါတယ်။

အခန်း ၂ မှာတော့ လက်နက်ကိုင်ဆန့်ကျင်မှုတခု စတင်ခြင်းကို ဖော်ပြထားပါတယ်။ အဲသည်မှာ ၂၀၀၆ ခုနှစ် အောက်တိုဘာလမှာ စတင်ပေါ်ပေါက်လာတဲ့ အာရ်ကန်ရိုဟင်ဂျာ ကာကွယ်ရေးတပ်မတော် (ARSA) ပေါ်ပေါက်လာပုံနဲ့ နောက်ပိုင်း လူသေကြေမှုတွေဖြစ်ခဲ့တဲ့ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅ ရက်နေ့ မောင်တောခရိုင်တွင်း ရဲကင်းနဲ့ တပ်စခန်းတွေကို တိုက်ခိုက်မှုတွေ အကြောင်း ရေးသားထားပါတယ်။ တိုက်ခိုက်မှုတွေ ဖြစ်ပေါ်မလာခင် လများအတွင်း ARSA အဖွဲ့ဝင်တွေက ယင်းဒေသတခုလုံးက ရွာလူကြီးတွေနဲ့ ရဲသတင်းပေးအချို့ကို သတ်ဖြတ်မှုများနဲ့ စတင်ခဲ့ပါတယ်။ ပတ်ဝန်းကျင်ကို ထိန်းချုပ်ခြင်းလို့ဆိုရမယ့် လုပ်ငန်းတွေ၊ လုံခြုံရေးတပ်ဖွဲ့များထံ သူတို့ရဲ့ ဖွဲ့စည်းပုံသတင်းရောက်ရှိမှုလျော့နည်းစေရေး စတဲ့၊ ကျမ်းရိုး သူပုန်ထမှု မဟာဗျူဟာ များကို ကျင့်သုံးခဲ့ကြပါတယ်။ အဲဒီနောက် သီးခြားဖြစ်နေတဲ့ ရဲကင်းများကို တိုက်ခိုက်ပြီး၊ လက်နက်များသိမ်းပိုက်ခြင်း၊ အစိုးရဘက်က အရပ်သားများအပေါ် ပြင်းထန်တဲ့ဖြိုခွင်းမှုများနဲ့ တုံ့ပြန်လာတဲ့အခါ မကျေမချမ်းမှုတွေကို မီးလောင်ရာလေပင့် ဖြစ်လာစေပါတယ်။ ဒီလိုအခြေအနေတွေက သန္ဓေသားအဖြစ်ပဲ ရှိနေသေးတဲ့ လက်နက်ကိုင်အုပ်စုအတွက် ဒေသခံတွေဆီက ထောက်ပံ့မှု ရရှိစေပါတယ်။

ဂျုံးက လက်နက်ကိုင်ဆန့်ကျင်မှုများဟာ အကျယ်အပြန့်သော အကြောင်းရင်း သုံးခု ကြောင့် ဖြစ်ပေါ်လာစေတယ်လို့ ဖော်ပြပါတယ်။ နစ်နာမကျေချမ်းမှု၊ အုပ်ချုပ်မှုစနစ်အား နည်း ခြင်းနဲ့ မတော်လောဘကနေ အစပြုတယ် ဆိုပါတယ်။ ပဋိပက္ခတွေအပေါ် လေ့လာကြတဲ့အခါ နှစ်ပေါင်းများစွာပဲ စစ်ပွဲတွေဟာ ‘နစ်နာမကျေချမ်းမှု’တွေကြောင့် ဖြစ်ရတယ်၊ ‘မတော်လောဘကြောင့် ဖြစ်ရတယ်’ဆိုတဲ့ ဆွေးနွေးငြင်းခုံမှုတွေက လွှမ်းမိုးထားခဲ့ပါတယ်။ စစ်ပွဲတွေဟာ မတော်လောဘကြီးတဲ့၊ အခွင့်အရေးမျှော်ကိုးသူ သူပုန်တွေကြောင့် ဖြစ်ရတယ်လို့ အီကိုနိုမက်ထရစ်စစ်တမ်း (Econometric Surveys) များကို အခြေခံတဲ့ သုံးသပ်ချက်တွေ ထွက်ပေါ်လာပြီးတဲ့နောက်၊ ရှုပ်ထွေးပွေလီတဲ့ နစ်နာမကျေချမ်းချက်တွေကို အာရုံမစိုက်ဘဲနေတာတွေ ဖြစ်လာခဲ့ပါတယ်။ ဖိနှိပ်တဲ့၊ သို့မဟုတ် အားနည်းချိနဲ့တဲ့ ဗဟိုအစိုးရတွေကလည်း မဖြေရှင်းဘဲ ထားခဲ့ကြပါတယ်။ အကြမ်းဖက်မှု၊ ပြည်တွင်းစစ်ကိစ္စတွေနဲ့ ပတ်သက်လို့ လေ့လာမှုမှာ လူအများ လေးစားခံရသူ ပညာရှင်တဦးဖြစ်တဲ့ စတာသစ် ကာလီဗာစ် (Stathis Kalycas) ကို ကိုးကားလို့ ဂျုံးက ဖော်ပြပါသေးတယ်။ ဒီလို အခြေခံအကြောင်းအချက်တွေအားလုံး အပြန်အလှန် သက်ရောက်နေမှုအပေါ်မှာ သုံးသပ်လေ့လာဖို့ သူက တောင်းဆိုထားတာပါ။

နစ်နာမကျေချမ်းမှုတွေက ပုံစံမျိုးစုံနဲ့ လာနိုင်ပါတယ်။ စီးပွားရေးအရ တန်းတူညီမျှမှု မရှိခြင်း၊ လူမျိုးစုရေးရာ ကွဲပြားခြင်း၊ ဒါမှမဟုတ် ဖိနှိပ်ခံရခြင်း၊ ဘာသာရေးအရ ကွဲပြားခြင်း စသည်ဖြင့် ရှိနိုင်ပါတယ်။ မြန်မာနိုင်ငံမှာ ဆယ်စုနှစ်များစွာရှိနေခဲ့တဲ့ တိုင်းရင်းသား လက်နက် ကိုင်ဆန့်ကျင်မှုက၊ ဒီအချက်တွေအားလုံး ရောပြွမ်းရှုပ်ထွေးစွာ တည်ရှိနေပါတယ်။ ဒါ့အပြင် ပိုလို့ တန်းတူညီမျှရှိစေရေး တောင်းဆိုချက်၊ အင်အားစုအားလုံးပါဝင်နိုင်ရေး စတဲ့ တောင်းဆိုချက်တွေ ကိုလည်း အရပ်ဘက်နဲ့ စစ်ဘက်အစိုးရရဲ့ အသိုက်အဝန်းတွေအတွင်းမှာ ကြားသိနိုင်ဖို့ ပျက်ကွက် ခဲ့ပါတယ်။ ငြိမ်းချမ်းစွာ အဖြေရှာဖြေရှင်းရေးအတွက် စိတ်ပျက်ဖွယ် ဖြစ်ခဲ့ရပါတယ်။ ချိနဲ့ အား နည်းတဲ့ အစိုးရတွေက လက်နက်ကိုင်သူပုန်ထမှုကို ဖြစ်ပေါ်စေပါတယ်။ နိုင်ငံတော်အစိုးရအဖြစ် တည်ရှိနေတဲ့၊ ရဲတပ်ဖွဲ့နှင့် စစ်တပ်အပေါ် အမြင်မကျေနပ်တဲ့အခံနဲ့ မြင်လေ့ရှိကြပါတယ်။ ဒါ့အပြင် လက်နက်ကိုင်ဆန့်ကျင်သူတွေက 'အဖွဲ့အစည်းတွေ စတင်ထူထောင်ပြီး၊ သူလျှိုလို့ ယူဆရတဲ့ သူများအပေါ် အကြမ်းဖက်မှုတွေ လုပ်ဆောင်နိုင်ခြင်းဟာ တောင်တန်းဒေသဖြစ်ခြင်း စတဲ့ ပထဝီဝင်အနေအထားနဲ့လည်း သက်ဆိုင်နေတတ်ပါတယ်' (စာ- ၂၇) လက်နက်ကိုင် သူပုန်ထမှု တခုရဲ့ ကနဦးအဆင့်တွေကို ဒေါက်တာကျောက်ဇန်းယောင်ဝေ (Dr. Chao Tzang Yawn-ghwe) ရေးသားတဲ့ 'မြန်မာပြည်မှရှမ်းများ- ရှမ်းပြည်ပြေးတဦး၏ ကိုယ်တွေ့မှတ်တမ်းများ (The Shan of Burma: Memoirs of a Shan Exile)'မှာ ရှမ်းပြည်တပ်မတော်ရဲ့ အစောပိုင်း ကာလတွေကို ဖော်ပြထားတာ တွေ့ရပါလိမ့်မယ်။

မတော်လောဘ (greed) နဲ့ပတ်သက်လို့ ဖော်ပြထားတာတော့ နည်းနည်းပဲ ပါရှိပါတယ်။ ဒါပေမဲ့ အင်မတန်ကောင်းမွန်တဲ့ အချက်တခုကို ဆွေးနွေးထားပါတယ်။ ၂၀၀၀ ပြည့်နှစ်များရဲ့ အစောပိုင်းကာလတွေမှာ သီရိလင်္ကာနိုင်ငံက တမီးလ်အီလမ် လွတ်မြောက်ရေးကျားတပ်ဖွဲ့ (LTTE) က ၎င်းတို့တပ်ဖွဲ့များရဲ့ လက်နက်ကိုင်တော်လှန်ရေးအတွက် အမေရိကန်ဒေါ်လာ သန်း ၂၀၀ မှ ၃၅၀ အထိ အသုံးပြုခဲ့ပါတယ်။ ဒီပမာဏဟာ သီရိလင်္ကာ အရှေ့မြောက်ပိုင်းဒေသရဲ့ စုစု ပေါင်း ဂျီဒီပီ ၂၀ ကနေ ၃၅ ရာခိုင်နှုန်းနဲ့ ညီမျှပါတယ်။ ရေနံ၊ မူးယစ်ဆေး၊ ကျွန်းသစ်နဲ့ အဖိုးတန် ကျောက်များ စတဲ့ လုယက်ဖွယ်အရာများ၊ နိုင်ငံရေး၊ စီးပွားရေးနဲ့ လူမှုရေး နစ်နာမကျေနပ်မှုများ၊ ချိနဲ့အားနည်းတဲ့အစိုးရ စတဲ့ အချက်များစွာ ရှိနေပေမယ့်လည်း၊ စာရေးသူ ဂျုံးက ကောက်ချက်ချ တာကတော့ 'များသောအားဖြင့် လက်နက်ကိုင်ဆန့်ကျင်မယ့် အဟန့်အတားများစွာ ရှိနေတတ် ပါတယ်။ သူတို့ဆီမှာ အရင်းအမြစ်၊ တိုက်ခိုက်ရေးသမား၊ ခေါင်းဆောင်မှု၊ လူထုထောက်ခံမှု လုံလောက်စွာ ရှိမနေတာမျိုး ကြုံရလေ့ရှိပါတယ်' (စာ- ၃၄) လို့ ဆိုပါတယ်။ ချေဂွေဗားရား ရေးထားတာကို ကိုးကားပြီး 'သူပုန်တွေရဲ့ မရှိမဖြစ် အရေးအကြီးဆုံး လုပ်ငန်းတာဝန်ကတော့ သူတို့ကိုယ်တိုင် ဖျက်ဆီးခံရမယ့်အရေးက ကာကွယ်ဖို့ပါပဲ'လို့ ဖော်ပြထားပါတယ်။

အခန်း ၃ မှာတော့ လက်နက်ကိုင်ဆန့်ကျင်သူများရဲ့ မဟာဗျူဟာတွေကို ခြုံငုံသုံးသပ် ထားပါတယ်။ လက်နက်ကိုင်သူပုန်တွေက အကျယ်အပြန့်အားဖြင့် မဟာဗျူဟာ သုံးခုကို ဆောင် ရွက်နိုင်ပါတယ်။

ပထမအချက်အနေနဲ့ ပြောက်ကျားစစ်ပွဲ ဖြစ်ပါတယ်။ ဒီအတွက် သတင်းအချက် အလက်၊ အစားအစာ၊ လူသစ်စုဆောင်းမှုနဲ့ ထောက်ခံမှုတွေ ဒေသခံလူထုတွေဆီက လိုအပ်ပါ တယ်။ ပြောက်ကျားတွေက အုပ်စုငယ်၊ ရွှေ့ပြောင်းသွားလာတဲ့ အုပ်စုတွေခွဲပြီး အစိုးရတပ်တွေကို ချောင်းမြောင်းလုပ်ကြံခြင်း၊ ဖျက်ဆီးခြင်းနဲ့ ပစ်ပြေးတိုက်ခိုက်မှု နည်းလမ်းတွေကိုသုံးကာ တိုက်ခိုက်နိုင်ပါတယ်။ သဘောကတော့ အစိုးရရဲ့နိုင်ငံရေးအရ စိတ်ဆန္ဒရှိမှုကို ခြေကုန်လက်ပန်းကျ ပျက်ပြားလာအောင် ဆောင်ရွက်တဲ့နည်းဖြစ်ပါတယ်။ ပြောက်ကျားစစ်က ရေရှည်လုပ်ငန်းစဉ်သဘော ဆောင်ပါတယ်။ ဂျုံးက အင်ဂိုလာ၊ မြောက်အိုင်ယာလန်နဲ့ အခြားနိုင်ငံများမှ အသေးစိတ် အချက်အလက်တွေကို ဖော်ပြခဲ့ပါတယ်။ ဒုတိယကတော့ ပုံမှန် သမားရိုးကျစစ်ဆင်ရေးပါ။ ဆိုလိုတာကတော့ လက်နက်ကိုင်တပ်အင်အား အလုံးအရင်းနဲ့ နိုင်ငံရဲ့စစ်တပ်ကို ဝင်ရောက်စီးနင်း တာမျိုး ဖြစ်ပါတယ်။ ဥပမာအားဖြင့် ဂရိပြည်တွင်းစစ်၊ စစ်ဗိုလ်ချုပ်ကြီးများဖြစ်ကြတဲ့ ဗိုငုယင် ဂီယက်၊ ဗန်တီယန်ဒေါင်းတို့ဦးဆောင်တဲ့ ဗီယက်နမ်စစ်ပွဲနဲ့ အင်ဂိုလာနိုင်ငံမှာ ဖြစ်ပွားခဲ့တဲ့ UNITA လှုပ်ရှားမှုတွေမှာ တွေ့ရပါတယ်။ ကြီးမားတဲ့၊ ရည်ရွယ်ချက်မျိုးစုံပါတဲ့ တပ်ဖွဲ့တွေနဲ့ ရန်သူ ကို ပုံမှန်သမားရိုးကျတိုက်ပွဲတွေ ဆောင်ရွက်ခဲ့ကြတာမျိုးပါ။ ဖြစ်ရပ်လေ့လာမှု ၁၈၁ ခုသော လက်နက်ကိုင်ဆန့်ကျင်မှုတွေမှာ ပြောက်ကျားစစ်ဆင်တဲ့ နည်းဗျူဟာကို အသုံးပြုခဲ့ပေမယ့်၊ သမားရိုးကျ စစ်ဆင်ရေးနည်းဗျူဟာကို ၁၉၉၀ ပြည့်နှစ်တွေမှာ သိသိသာသာ ငြင်းပယ်လာကြတာကို တွေ့ရှိရပါတယ်။ ဒါကလည်း စစ်အေးတိုက်ပွဲအပြီး၊ အင်အားကြီး နိုင်ငံတွေဆီက လက်နက်ကိုင်ဆန့်ကျင်မှုများ အတွက် အထောက်အပံ့တွေ ကျဆင်းလာမှုကြောင့်ဖြစ်တယ်လို့ ဂျုံးက သုံးသပ်တင်ပြထားပါတယ်။

တတိယ မဟာဗျူဟာကတော့ အငြင်းပွားဖွယ်အဖြစ်ဆုံး အပြစ်ပေးမှု ဖြစ်ပါ တယ်။ အပြစ်ပေးမှုဆိုတဲ့နေရာမှာ ‘တိုက် ခိုက်သူမဟုတ်တဲ့ အင်အားစုတွေကို ရည် ရွယ်ချက်ရှိရှိ ပစ်မှတ်ထား ဆောင်ရွက်တာ ဖြစ်ပါတယ်။ ဥပမာအားဖြင့်- အပြစ်မဲ့ပြည်သူ များကို သတ်ဖြတ်ခြင်းနဲ့ အခြေခံအဆောက် အဦတွေကို ဖျက်ဆီးတာမျိုး ဖြစ်ပါတယ်။ ဆက်လက်ခုခံမယ်ဆိုရင် လူမှုအဖွဲ့အစည်းက ပေးဆပ်ရတဲ့ ကုန်ကျစရိတ်ကို မြင့်တက်စေဖို့၊ လက်နက်ကိုင်အုပ်စုတွေရဲ့ တောင်းဆိုချက် တွေကို အစိုးရတွေက လိုက်လျောရန် အကြပ်ကိုင်ကြတာမျိုး ဖြစ်ပါတယ်’။ (စာ-၄၇) အရပ်သားတွေကို ပြစ်ဒဏ်ပေးတာက ရည်ရွယ်ချက်အမျိုးမျိုး ရှိပါတယ်။ လက်နက်ကိုင်သူပုန်တွေ မထိန်းချုပ်နိုင်တဲ့ဒေသက လူထုတွေကို ခြောက်လှန့်ဖို့၊ ထိန်းချုပ်နိုင်ဖို့ သီးသန့်ရွေးချယ်ထားတဲ့ အကြမ်းဖက်မှုနည်းလမ်းကိုသုံးတာ၊ သူပုန်တွေက ထူးဆန်းတဲ့နည်း တွေနဲ့ ပြစ်ဒဏ်ပေးတဲ့အခါ၊ (သူတို့မှာ ပြစ်ဒဏ်ပေးမှုကို လျော့နည်းကျဆင်းစေဖို့ ဘဏ္ဍာရေးအရ တည်ငြိမ်မှု တစုံတရာရှိနေတဲ့အခါ) အစိုးရက အလွန်အကျွံ အင်အားသုံးလာအောင်၊ လူထုတွေ ကို ပြစ်ဒဏ်ပေးမှုတွေဖြစ်လာအောင် ဆွပေးတာ၊ အစိုးရအရာရှိတွေကို တုန်လှုပ်ခြောက်ခြား စေရန်နဲ့ နိုင်ငံတော်အစိုးရအနေနဲ့ ပြည်သူတွေရဲ့ အသက်အိုးအိမ်ကို ကာကွယ်မပေးနိုင်ဘူးလို့

သက်သေပြရန်၊ ပိုလို့ စိုးရိမ်ပူပန်ဖွယ်အကောင်းဆုံးက လူထုတွေအပေါ် အကြမ်းဖက်မှုကို သဘောတရားရေးရာ အကြောင်းပြချက်အနေနဲ့ သူပုန်တွေက အသုံးပြုတာဖြစ်ပါတယ်။ ဆိုလိုတာက သူတို့က 'ရန်သူတွေကို နိမ့်ကျသူလူသားတွေအဖြစ်မြင်ပြီး၊ ဒါမှမဟုတ် တရားမဝင်ကြသူတွေအဖြစ်မြင်ပြီး အကြမ်းဖက်ကြခြင်းမျိုး' ဖြစ်ပါတယ်။ (စာ- ၅၁)

အခန်း ၄ နည်းဗျူဟာခြုံငုံသုံးသပ်ချက် အခန်းမှာတော့ လက်နက်ကိုင်ဆန့်ကျင်သူအင်အားစုများကသုံးတဲ့ စစ်မြေပြင်လှုပ်ရှားမှုများကို ဖော်ပြထားပါတယ်။ အထူးသဖြင့် ခြုံခိုတိုက်ခိုက်ခြင်း၊ ဝင်ရောက်စီးနင်းခြင်း၊ လှည့်ဖျားခြင်းနဲ့ ဖျက်ဆီးဖောက်ခွဲခြင်း၊ လုပ်ကြံသတ်ဖြတ်ခြင်း၊ ကိုယ်လက်အင်္ဂါဖြတ်တောက်ခြင်း၊ ပြန်ပေးဆွဲခြင်းနဲ့ ဖုံးခွဲခြင်းတွေ ဖြစ်ပါတယ်။ ခြုံခိုတိုက်ခိုက်ခြင်းနဲ့ ဝင်ရောက်စီးနင်းခြင်းတွေက ကချင်ပြည်နယ်နဲ့ ရှမ်းပြည်နယ်ထဲက ပြည်တွင်းစစ်ပွဲတွေမှာ အမြဲဆိုသလိုဖြစ်နေတဲ့ လက်ရှိဖြစ်ရပ်တွေပါ။ မကြာသေးမီနှစ်များကတော့ မြန်မာနိုင်ငံ အနောက်ဖက်နယ်စပ်ဒေသတွေမှာ AA အဖွဲ့က၊ မြန်မာ့တပ်မတော်အပေါ် ပြောက်ကျားတိုက်ခိုက်မှုတွေ ဖြစ်ပေါ်လာခဲ့ပါတယ်။ စာရေးသူ ဂျုံးက အီရတ်၊ ချေချင်ညာ၊ အာဖဂန်နစ္စတန်က ဖြစ်ရပ်များကို အသုံးပြုပြီး ပြောက်ကျားတိုက်ခိုက်မှု ပင်မပုံစံများကို ဖော်ပြခဲ့ပါတယ်။ ၂၀၀၇ ခုနှစ်က ဖာရာပြည်နယ်၊ ဂူလစ်စတန်ခရိုင်မှာ တာလီဘန်တို့ ဆောင်ရွက်ခဲ့တဲ့ ပြောက်ကျားတိုက်ခိုက်မှု မြေပုံတခုကိုပါဖော်ပြခဲ့ပြီး၊ အဲဒီတိုက်ခိုက်မှုမှာ အာဖဂန်စစ်သား ၂၀ ကျော် သေဆုံး ကာ အမေရိကန်စစ်သားနှစ်ဦး ဒဏ်ရာရစေခဲ့ပါတယ်။

လှည့်ဖျားခြင်းနဲ့ ဖျက်ဆီးဖောက်ခွဲခြင်းကိုတော့ 'အစိုးရရဲ့စစ်ရေး၊ စီးပွားရေး၊ စိတ်ဓာတ် ရေးရာ၊ နိုင်ငံရေးအင်အားတွေကို ဖျက်ဆီးလိုက်စားဖို့ အသုံးပြုတာဖြစ်ပြီး၊ လူတဦးတယောက်က လျှို့ဝှက်မြေအောက်အသွင်နဲ့ ဆောင်ရွက်တာဖြစ်ပါတယ်။ အစိုးရအပေါ် လူထုယုံကြည်မှု ကျဆင်းစေအောင် ဆောင်ရွက်တာဖြစ်ပါတယ်'။ (စာ- ၆၃) လုပ်ကြံသတ်ဖြတ်မှုတွေကိုတော့ 'အကြမ်းဖက်မှုကို တိကျတဲ့ပစ်မှတ်အတွက် အသုံးပြုခြင်း'ဖြစ်ပြီး၊ (စာ- ၆၇) အစိုးရကို စာနာထောက်ခံနေသူတွေ၊ အစိုးရကိုယ်စားလှယ်တွေကိုဖျက်ဆီးနိုင်ဖို့ သုံးကြပါတယ်။ ဒီလို နည်းဗျူဟာကို မြန်မာနိုင်ငံမှာ အသုံးပြုပေမယ့်၊ အခြားစစ်ပွဲပဋိပက္ခများလို ကျယ်ပြန့်စွာ အသုံးပြုခြင်း မရှိပါဘူး။

ဖုံးခွဲမှုနည်းနာတွေကိုတော့ ဂျုံးရဲ့စာအုပ်မှာ အသေးစိတ် ဖော်ပြထားပါတယ်။ ဂျုံးက 'သူပုန်'နဲ့ 'အကြမ်းဖက်သမား'တို့အကြား ကွာခြားပုံကို ဂရုတစိုက် ဖော်ပြထားပါတယ်။ အကြမ်းဖက်သမားကိုတော့ 'နိုင်ငံရေးရည်ရွယ်ချက် ပြည့်မြောက်စေရန်အတွက် တိုက်ခိုက်ရေးသမားမဟုတ်သူများအပေါ် အကြမ်းဖက်မယ်လို့ ခြိမ်းခြောက်မှုသုံးတာ'လို့ ဖော်ပြပါတယ်။ ပြောရမယ်ဆိုရင်တော့ သူပုန်အုပ်စုတိုင်းဟာ အကြမ်းဖက်မှုနည်းနာကို တနည်းနည်းနဲ့ အသုံးပြုကြတာချည်းဖြစ်ပါတယ်။ (စာ- ၇၂) စာရေးသူက ချီချင်ညာ၊ အီရတ်နဲ့ အာဖဂန်နစ္စတန်နိုင်ငံရှိ လက်နက်ကိုင်ဆန့်ကျင်သူအဖွဲ့တွေအပေါ် ဖြစ်ရပ်လေ့လာချက်အနေနဲ့ ဖော်ပြခဲ့ပြီး၊ ခလုပ်နှိပ်အမိန့်ပေးလို့ရတဲ့

ဝိုင်ယာကြိုးချိတ်ဆက်ဗုံးတွေကနေပြီး၊ အဝေးထိန်းချုပ်ဗုံး၊ Shaped charges ခေါ် လိုရာပုံသွင်းဖောက်ခွဲယမ်းဗုံး၊ အသုံးချပုံ၊ ဖျက်ဆီးနိုင်စွမ်းအားတွေကို ဖော်ပြထားပါတယ်။ (ထိုင်းနိုင်ငံတောင်ပိုင်းက ဗုံးခွဲတိုက်ခိုက်မှုဖြစ်ရပ်တွေကိုလည်း ဒီအခန်းမှာ လေ့လာမှုပြုထားပါတယ်။) ၁၉၈၂ ခုနှစ်ကနေ ၂၀၁၅ ခုနှစ်အထိ အသေခံဗုံးခွဲတိုက်ခိုက်မှု နှိုင်းယှဉ်ဇယားကိုလည်း ဖော်ပြ ထားပါတယ်။ ဖမ်းဆီးရမိသူတွေရဲ့အဆိုအရ၊ တိကျမယ်ဆိုရင်တော့ အသေခံဗုံးခွဲမှုပေါင်း ၄၆၁၆ ဖြစ်ပွားခဲ့ပြီး၊ ဒီလိုတိုက်ခိုက်မှုတွေကြောင့် လူပေါင်း ၄၂၈၆၁ သေဆုံး၊ ၁၁၁၄၆၉၇ ဦး ဒဏ်ရာ ရရှိခဲ့ပါတယ်။ (စာ-၇၄)

အခန်း ၅ မှာ အခုသုံးသပ်သူအမြင်အရ ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာ ကိစ္စတွေကို တင်ပြရေးသားထားပြီး၊ အခြေအမြစ်အရှိဆုံးနဲ့ စိတ်ဝင်စားဖွယ်အကောင်းဆုံး ဖြစ်ပါတယ်။ ဒီအခန်းမှာ ဂျုံးက လက်နက်ကိုင်ဆန့်ကျင်မှုတခုကို ဆောင်ရွက်တဲ့အခါမှာ ရင်ဆိုင်ရတဲ့ စိန်ခေါ်မှုတွေကို သုံးသပ်ပြထားပါတယ်။ ပထမအချက်အနေနဲ့ လူအများ စုပေါင်းဆောင်ရွက်ခြင်း (collective action) နဲ့ လူတဦးက သူ့ဆန္ဒအလျောက် ဆုံးဖြတ်ဆောင်ရွက်မယ်ဆိုရင် အခြားသူတဦးအပေါ် သက်ရောက်နိုင်တဲ့အခြေအနေ ပြဿနာ (principal-agent problem) တို့ကို စူးစမ်းထားပါတယ်။ အတိုချုပ်တင်ပြထားတာက လူအုပ်စုကြီးက အကြမ်းဖက်မှု၊ ဒါမှမဟုတ် လက်တုံ့ပြန်ခံရမှုမျိုး ကြုံကြရတဲ့အခါ စုစည်းညီညွတ်နေမှုကို ဘယ်လို ထိန်းသိမ်းကြမလဲဆိုတဲ့ ပြဿနာနဲ့ ခေါင်းဆောင်တဦးအနေနဲ့ မိမိရဲ့နောက်ပါအင်အားစုကို မျှော်လင့်ထားတဲ့၊ တွက်ဆထားလို့ရနိုင်တဲ့ နည်းလမ်းများအတိုင်း ဆောင်ရွက်နိုင်စေရန်အတွက် ဘယ်လို အာမခံချက်မျိုးပေးမလဲ ဆိုတာတွေကို ဖော်ပြပါတယ်။ လက်နက်ကိုင်ဆန့်ကျင်သူများအနေနဲ့ဒီစိန်ခေါ်မှုတွေကို ရင်ဆိုင်ကျော်လွှားနိုင်ဖို့ နိုင်ငံရေးမဟာဗျူဟာတခု ရှိရမယ်။ စစ်ပွဲကိုတိုက်ရမယ်၊ ဘဏ္ဍာရေး တည်ဆောက်ထားမှု လုပ်ရမယ်၊ ထောက်လှမ်းရေးသတင်းတွေကို စုဆောင်းရမယ်၊ သုံးသပ်နိုင်ရမယ်၊ သူတို့ ထိန်းချုပ်မှုအောက်မှာရှိတဲ့ ဒေသတွေကို အုပ်ချုပ်နိုင်ရမယ်… စသည်ဖြင့် လိုအပ်ကြောင်း ဂျုံးက အခိုင်အမာဆိုပါတယ်။ ဒါဟာ လက်နက်ကိုင်စစ်ပွဲဆင်နွှဲခြင်းရဲ့အနှစ်သာရပဲ ဖြစ်ပါတယ်။

အဲဒီနောက်မှာတော့ ဂျုံးက ဗဟိုချုပ်ကိုင်မှုကဲသော အဖွဲ့အစည်းနဲ့ ဗဟိုချုပ်ကိုင်မှု လျော့ ရဲသော အဖွဲ့အစည်းနှစ်ခုကို နှိုင်းယှဉ်လေ့လာပြီး၊ ယင်းတို့ရဲ့အောင်မြင်နိုင်ခြေကို ဆက်လက် သုံးသပ်ထားပါတယ်။ အဲဒီနောက်မှာ မြန်မာနိုင်ငံအတွက် တိုက်ရိုက်သက်ဆိုင်တဲ့မေးခွန်းတခုလို့ ယူဆရတဲ့ 'များပြားသော လက်နက်ကိုင်ဆန့်ကျင်သူအုပ်စုများ ရှိနေတဲ့အခါမှာ ဘာတွေကို ရွေးပြီးဆောင်ရွက်နိုင်မလဲ'လို့ မေးခွန်းထုတ်ပါတယ်။ စာရေးသူက ယေဘုယျအားဖြင့် အမျိုးအစားသုံးခုရှိနိုင်ကြောင်း ဖော်ပြပါတယ်။ ပထမအနေနဲ့ ဒီလက်နက်ကိုင်အုပ်စုများကြားမှာ ပူးပေါင်းပြီး မဟာမိတ်ပြုဖွဲ့နိုင်ပါတယ်။ ဒါမှမဟုတ် နားလည်မှု ရယူနိုင်ကြပါတယ်။ ရှမ်းပြည်မြောက်ပိုင်းမှာ တွေ့ရှိရသလို လက်နက်ကိုင်အုပ်စုတွေအကြားမှာ အရင်းအမြစ်၊ ဒါမှမဟုတ်

တရားဝင်မှုအတွက် အချင်းချင်း တိုက်ခိုက်ယှဉ်ပြိုင်တာမျိုးလည်း ဖြစ်နိုင်ပါတယ်။ ဒါမှမဟုတ် 'လက်နက်ကိုင်အုပ်စုတွေကြားမှာ ပူးပေါင်းကြတာလည်းမရှိ၊ ယှဉ်ပြိုင် တိုက်ခိုက်တာလည်း မလုပ်ဘဲ သီးခြားစီ ရပ်တည်သွားကြတဲ့ပုံစံမျိုးလည်း ရွေးချယ်နိုင်ပါတယ်။' ဒါကတော့ လက်နက်ကိုင်အုပ်စု ခေါင်းဆောင်တွေအနေနဲ့ ပူးပေါင်းဆောင်ရွက်မှု (collective action) ပြဿနာကို ကျေလည်အောင် မဖြေရှင်းနိုင်ကြတဲ့အခါ ဖြစ်လာရတာပါ။ ဒီအခါ အခြားခေါင်းဆောင်များနဲ့ ပုဂ္ဂိုလ်ရေးပဋိပက္ခတွေ ကြီးထွားလာတာနဲ့ ပထဝီသဘောအရ မတူညီတဲ့ဒေသတွေမှာ စစ်ဆင်လှုပ်ရှားမှုတွေပြုလုပ်ရတာတွေ ဖြစ်လာပါတယ်။ ကြိုးပမ်းဆောင်ရွက်မှုတွေက အချင်းချင်း ပြန်ထပ်နေတာ၊ အရင်းအမြစ်တွေကို ဖြုန်းတီးပစ်သလို ရလဒ်ကိုသာ ဦးတည်စေပါတယ်။ (စာ-၁၁၀) သူပုန်များရဲ့နေရာပိုင်နက်၊ သို့မဟုတ် 'တော်လှန်ရေးအစိုးရ' (အုပ်ချုပ်မှုစနစ်)နဲ့ ပတ် သက်တဲ့ ပညာရပ်ဆိုင်ရာစာပေတွေမှာတော့၊ အခြေစိုက်ဧရိယာ၊ သို့မဟုတ် လွတ်မြောက်ဒေသများနဲ့ပတ်သက်တဲ့ ကိစ္စတွေအပေါ် လေ့လာမှုစာတမ်းတွေက များမကြာခင်နှစ်များက အထူး တိုးပွားလာခဲ့ပါတယ်။ အင်နာအာဂျိုနား (Ana Arjona)၊ နယ်လ်ဆင် ကက်စ်ဖာ (Nelson Kasfir) နဲ့ ဇာခါရီယာ မမ်ပီလေး (Zachariah Mampilly) အစရှိတဲ့ ပညာရှင်တွေ ပါဝင်ပါတယ်။ ဒီလို လျှင်မြန်စွာတိုးတက်လာနေတဲ့ သုတေသနဆိုင်ရာလေ့လာမှုပညာရပ်နယ်ပယ်မှာ မြန်မာနိုင်ငံဟာလည်း စိတ်ဝင်စားစရာအကောင်းဆုံး ခေါင်းစဉ်တခုအဖြစ် တည်ရှိနေပါတယ်။

အခန်း ၆ မှာတော့ လူ ၅၉ ဦးကို သေစေခဲ့ပြီး နောက်ထပ် လူ ၂၀၀ ကို ထိခိုက်ဒဏ်ရာ ရစေခဲ့တဲ့ ကင်ညာနိုင်ငံ၊ နိုင်ရိုဘီရှိ ဈေးဝယ်ကုန်တိုက် မောလ်တခုမှာ ဖြစ်ပွားခဲ့တဲ့၊ အကြမ်းဖက် အုပ်စု အယ်လ်ရှာဘတ်ဘ် (Al Shabbab) ဦးဆောင်တဲ့ တိုက်ခိုက်မှုနဲ့ ဖွင့်ထားပြီး၊ သတင်း ပြန်ကြားရေးနဲ့ ဝါဒဖြန့်ချိရေးကိစ္စတွေကို ဖော်ပြထားတာမို့ အင်မတန် စိတ်ဝင်စားဖွယ် ကောင်း ပါတယ်။

မြန်မာနိုင်ငံမှာရှိတဲ့ လက်နက်ကိုင်အုပ်စုတွေနဲ့ပတ်သက်ပြီး စိတ်ခံစားမှုကဲတဲ့ လှုံ့ဆော်ချဲ့ကားရေးသားထားတဲ့ အတိတ်ကြောင်းတွေကို ယုံကြည်ဆဲ ဖြစ်နေတာရယ်၊ ရိုးသားမှုမရှိတဲ့ ပြောရေးဆိုခွင့်ရပုဂ္ဂိုလ်တွေ စုနေတာရယ်ကြောင့် အရပ်သားပြည်သူ၊ စစ်ဘက်နဲ့ အရပ်ဘက် အဖွဲ့အစည်းအတွေအကြား စုပေါင်းလုပ်ဆောင်ဖို့ အဟန့်အတား ဖြစ်နေစေပါတယ်။

ဒါပေမဲ့ ကမ္ဘာတဝန်းက လက်နက်ကိုင်အုပ်စုတွေကို လေ့လာကြည့်ရာမှာတော့၊ အပျော် တမ်း လက်သင်အခြေအနေက ကျော်လွန်လို့၊ လူမှုဆိုရှယ်မီဒီယာနဲ့ အခြားနည်းလမ်းတွေကို အသုံးပြုပြီး၊ နိုင်ငံတကာရဲ့ထောက်ခံမှုကို ရယူနိုင်ကြတာ တွေ့ရပါတယ်။ ဒီအခန်းမှာတော့ ပါးစပ် ပြောစကား၊ ပုံနှိပ်စာ၊ ရေဒီယိုနဲ့ ရုပ်မြင်သံကြား စတဲ့ အစဉ်အလာ မီဒီယာတွေကို လေ့လာပြီး နောက်၊ အင်တာနက်နဲ့ လူမှုဆိုရှယ်မီဒီယာ၊ မိုဘိုင်းဆက်သွယ်ရေး နည်းပညာနဲ့ ခေတ်သစ် နည်းပညာတွေ ထွန်းကားလာတာနဲ့အမျှ တန်ပြန်ထောက်လှမ်းရေးကိစ္စတွေကိုပါ သုံးသပ်ပြထား ပါတယ်။ မကြာသေးမီက မြန်မာနိုင်ငံအတွင်းရှိ ပဋိပက္ခဖြစ်ပွားရာ ဒေသများအတွင်း လူမှု ကွန်ရက် Facebook နဲ့ Whats App ဆက်သွယ်ရေးနည်းနာတွေကို အသုံးပြုမှုတွေဟာ တွေ့ရပါတယ်။

လက်နက်ကိုင်အဖွဲ့အစည်းတွေဟာ သူတို့ရဲ့သတင်းအချက်အလက်တွေကို နည်းပညာအသစ်ကိုသုံးပြီး ဖြန့်ဝေနေကြပါတယ်။ မြန်မာအရပ်သားအစိုးရနဲ့ မြန်မာ့တပ်မတော်ကလည်း FB စာမျက်နှာများနဲ့ အုပ်စု (Group) အတော်များများကို အသုံးပြုပြီး တိုက်ပွဲနဲ့ ပတ်သက်တဲ့သတင်းတွေ၊ နိုင်ငံရေး ထုတ် ပြန်ကြေညာချက်တွေနဲ့ အလားတူ တုံ့ပြန်ပြုလုပ်ခဲ့ပါတယ်။ လက်နက်ကိုင် အုပ်စုများ အနေနဲ့ သတင်းပေးပို့ ဆက်သွယ်ရန်၊ တပ်သားသစ် စုဆောင်းသိမ်းသွင်းရန်၊ ရန်ပုံငွေရှာရန်နဲ့ ဝါဒ ဖြန့်ရန် အစရှိတဲ့ ကိစ္စတွေအတွက် တရားဝင် ဝက်ဘ်ဆိုဒ်တွေ၊ Facebook နဲ့ Twitter အစ ရှိတဲ့ လူမှုမီဒီယာ အသုံးပြုမှုဟာ ၂၀၀၇ ခုနှစ် နောက်ပိုင်း တမဟုတ်ချင်း တိုးမြင့်လာ ကြောင်း ဂျုံးက ကိန်းဂဏန်းအချက်အလက် များ အခြေခံတင်ပြထားပါတယ်။

လက်နက်ကိုင် ဆန့်ကျင်မှုများ အတွက် ပြင်ပ ကူညီထောက်ပံ့မှုများနှင့် သက်ဆိုင်တဲ့အခန်းမှာ ကရင်၊ ကယားနဲ့ ရှမ်းပြည်နယ်မှာရှိတဲ့ ဒုက္ခသည်စခန်းများမှာ အသုံးပြုလျက်ရှိတဲ့ အင်အားကြီးနိုင်ငံများရဲ့ကူညီ ထောက်ပံ့မှု၊ ပြည်ပရောက်အုပ်စုများရဲ့ ပေးကမ်းထောက်ပံ့မှုအကြောင်း ဖော်ပြထား ပါတယ်။ အကြမ်းဖက်အုပ်စုများနဲ့ ရာဇဝတ် မကင်းတဲ့ အုပ်စုများရဲ့ကူညီထောက်ပံ့နိုင်ခြေ တွေလည်း အပါအဝင် ဖော်ပြထားပါတယ်။ ကူညီထောက်ပံ့မှုလို့ဆိုရာမှာ စစ်ပွဲအတွက် ကူညီထောက်ပံ့မှု၊ သင်တန်းပို့ချမှုနဲ့ ပိုလို့အရေးကြီးတာကတော့ နယ်စပ်ဖြတ်ကျော်ပြီး လုံခြုံရာ ခိုလှုံစခန်းများ ပေးထားတာမျိုး ဖြစ်ပါတယ်။ အဲဒီမှာ ဆန့်ကျင်သူအုပ်စုများက ခိုလှုံပြီး အနားယူ၊ လူစုဖွဲ့၊ တိုက်ပွဲအတွက် ပြန်လည်ပြင်ဆင်နိုင်ကြပါတယ်။

စာအုပ်ရဲ့နောက်ဆုံးမတိုင်မီအခန်းမှာ ဖော်ပြထားတဲ့ လက်နက်ကိုင်ဆန့်ကျင်မှု နိဂုံး ချုပ်ခြင်း အခန်းမှာတော့ အထူးသဖြင့် မြန်မာနိုင်ငံရဲ့တည်ဆောက်ဆဲငြိမ်းချမ်းရေးနဲ့ ရှေ့မတိုးနိုင် နောက်မဆုတ်နိုင် အခြေအနေကို ဖော်ပြထားပါတယ်။ ဒါ့အပြင် ပြစ်ဒဏ်ပေးတဲ့ဗျူဟာကိုသုံးရင် လက်နက်ကိုင်ဆန့်ကျင်သူ အဖွဲ့တွေအနေနဲ့ အောင်မြင်နိုင်ခြေနည်းပါးပြီး၊ ခွဲထွက်ရေးအတွက် လှုပ်ရှားကြတဲ့ လက်နက်ကိုင်အဖွဲ့များရဲ့၁၀ ရာခိုင်နှုန်းခန့်သာ အောင်မြင်နိုင်ခြေရှိတယ်လို့ သုံးသပ်ထားပါတယ်။ ဒီလိုစစ်ပွဲတွေက စတင်ချိန်ကစလို့ ပိုလို့ရှည်ကြာဖို့ ရှိပါတယ်။ စာအုပ်ရဲ့ နောက်ဆုံးအခန်းမှာတော့ သောင်းကျန်းသူ ချေမှုန်းရေးစစ်ပွဲများနဲ့ ပတ်သက်လို့ နောက်ဆက်တွဲ အကျိုးဆက်များနဲ့ စာအုပ်တအုပ်လုံးမှာဖော်ပြခဲ့တဲ့ အမေးပု္ဆာများကို ဖြေဆိုထားပါတယ်။ အရှေ့အလယ်ပိုင်းဒေသ၊ သီရိလင်္ကာရှိ တမီလ်ကျားသူပုန်များကို ချေမှုန်းတဲ့နေရာမှာ အသုံးပြုလျက်ရှိတဲ့ အစိုးရမဟာဗျူဟာများကို ဖော်ပြထားပြီး၊ အခုအချိန်အထိ အရပ်သားလူထုပေါင်း ၄၀၀၀၀ ခန့် သေဆုံးပြီးဟု ခန့်မှန်းရပါတယ်။ ‘လက်နက်ကိုင်ဆန့်ကျင်မှုနဲ့ ယင်းတို့ကို ချေမှုန်းရေး ဆိုင်ရာလုပ်ငန်းများက မှန်းဆနိုင်သည့် အနာဂတ်ကာလတိုင်လည်း ဆက်လက်တည်ရှိနေဦးမည်’ဆိုတဲ့ စာရေးသူရဲ့နိဂုံးသုံးသပ်ချက်ကတော့ စိတ်အားပျက်ဖွယ်ပါပဲ။ ‘အခါက စိန်ခေါ်မှု

ကတော့ ဒီလိုစစ်ပွဲတွေရဲ့သဘောသဘာဝကို ပိုမိုကောင်းစွာ နားလည်နိုင်ဖို့ပဲ ဖြစ်ပါတယ်’လို့ အကြံပေးခဲ့ပါတယ်။ (စာ- ၂၀၃)

နောက်ဆက်တွဲနှစ်ခုမှာပါရှိတဲ့ ဖြစ်ရပ်လေ့လာမှုစာရင်းနဲ့ လက်နက်ကိုင်သူပုန်ထမှုများ အဆုံးသတ်ရေး ကိန်းဂဏန်းအခြေပြုစာရင်း၊ တန်ဖိုးရှိလှတဲ့ အရေအတွက်ဆိုင်ရာ သုတေသန လေ့လာချက်တွေ ပါဝင်ပါတယ်။ ပြည်တွင်းစစ်နဲ့ပတ်သက်တဲ့ ဒေတာစုဆောင်းမှု ဖော်ပြချက်တွေမှာ မြန်မာနိုင်ငံနဲ့ပတ်သက်တဲ့ အချက်အလက်တွေဟာ မကြာခဏဆိုသလို ချွင်းချန်ထား ခဲ့ခြင်း၊ ဒါမှမဟုတ် အချက်အလက် မတိကျမှုတွေ ရှိနေတတ်ပါတယ်။ ဂျုံးရဲ့စာရင်းအရ မြန်မာ နိုင်ငံမှာရှိတဲ့ လက်နက်ကိုင်ဆန့်ကျင်မှုတွေကို လက်နက်ကိုင်စစ်ပွဲ ၁၈၁ (ဖြစ်ရပ် ၁၁၁ မှ ၁၁၆ အထိတွင် ဖော်ပြထား) ခုထဲမှာ ဖော်ပြထားပါတယ်။ အပြည့်အစုံမဟုတ်ပေမယ့် ကချင်၊ ရှမ်း၊ ရခိုင်၊ ကရင်နဲ့ မွန် လက်နက်ကိုင်အုပ်စုတွေနဲ့ ဖြစ်ပွားခဲ့တဲ့ စစ်ပွဲတွေကို ထည့်သွင်းဖော်ပြထားပြီး၊ မကြာသေးမီနှစ်များက ဖြစ်ပွားခဲ့တဲ့ တအောင်း(ပလောင်)၊ ကိုးကန့်နဲ့ AA လက်နက်ကိုင်များနဲ့ ဖြစ်ပွားခဲ့တဲ့ စစ်ပွဲအရေအတွက်ကို ထည့်သွင်းဖော်ပြမထားပါဘူး။ ထည့်သွင်းထားတဲ့ စစ်ပွဲတွေမှာလည်း ဆက်လက်ဖြစ်ပွားနေဆဲ၊ သို့မဟုတ် ဆိုင်းငံ့ထားဆဲ (၁၉၉၀ ပြည့်နှစ်များနှင့် ၂၀၀၀ ပြည့်နှစ်များအကြား မြန်မာနိုင်ငံ အပစ်အခတ်ရပ်စဲရေးကာလ ဖြစ်ပါတယ်) လို့ ဖော်ပြထားတာကို တွေ့ရပါတယ်။

ဂျုံးရဲ့စာအုပ်ဟာ လက်နက်ကိုင်ဆန့်ကျင်တိုက်ခိုက်မှုများရဲ့သမိုင်းကြောင်းနဲ့ အဖွဲ့အစည်းစနစ်များ၊ စစ်ပွဲများနဲ့ ပတ်သက်လို့ အဖိုးတန် သင်ပုန်းကြီးတခုလို့ ယူဆနိုင်ပါတယ်။ ဆယ်စုနှစ်များစွာ ပြည်တွင်းစစ်နဲ့ လုံးပန်းနေခဲ့ကြရတဲ့ မြန်မာ့နိုင်ငံရေးဖြစ်စဉ်ကို ပိုမို နားလည် နိုင်ရန်အတွက် မူဝါဒရေး၊ စစ်ရေး၊ သတင်းမီဒီယာနဲ့ အရပ်ဘက်အဖွဲ့အစည်း အသိုက်အဝန်း တွေက ကျယ်ကျယ်ပြန့်ပြန့် ဖတ်ရှုလေ့လာသင့်ပါတယ်။

ကျမ်းကိုးစာရင်း

Yawnghwe, C.T. (2010). The Shan of Burma: Memoirs of a Shan Exile. Singapore: Institute of Southeast Asian Studies.

**ABOUT THE AUTHOR**

**ISP ADMIN**

The Institute for Strategy and Policy – Myanmar (ISP – Myanmar) is an independent, non-partisan and non-governmental think tank. Established in 2016, ISP-Myanmar aims

to promote democratic leadership and strengthening civic participation in Myanmar through its key strategic programs and initiatives. The institute primarily focuses on research, capacity building, leadership engagement, communication and outreach programs, and desk initiatives on Peace and China issues.

VIEW ALL POSTS

**ADD COMMENT**

Comment

Name *

Email *

Website

Submit Comment

**READ MORE**

# ကချင်တိုင်းရင်းသားတို့အတွက် ၂၀၂၀ ပြည့်နှစ် အနာဂတ်အမြော်အမြင်

By ISP Admin

4 Min read

Add comment

28OCTOBER

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) အနေနဲ့၂၀၁၅ ခုနှစ် ရွေးကောက်ပွဲမှာ သောင်ပြို ကမ်းပြို အနိုင်ရပြီး အရပ်သားဦးဆောင်တဲ့ အစိုးရသစ်တရပ်ကို ဖွဲ့စည်းနိုင်ခဲ့တာဟာဖြင့် အခု ဆိုရင် သုံးနှစ်ကျော်ခဲ့ပြီဖြစ်ပါတယ်။ အခုလိုအချိန်ကာလမှာ ကချင်တိုင်းရင်းသားတွေအနေနဲ့ လက်ရှိ နိုင်ငံရေးအခင်းအကျင်းကို လက်တွေ့ကျကျ ရှုမြင်သုံးသပ်ဖို့ လိုအပ်သလို၊ မိမိတို့ကိုယ်တိုင် ဂုဏ်ယူဝင့်ကြွားစွာ ပါဝင်နိုင်မယ့် ပြည်ထောင်စုနိုင်ငံတခု...

# မော်ဒန်ခေတ်ကြီးမှာ ဗုဒ္ဓဘာသာဝင်တွေ ဘာလုပ်သင့်သလဲ

By Ko Tar

10 Min read

Add comment

အချိုး လူမှာ ရုပ်နဲ့နာမ် ရှိတယ်။ ဗုဒ္ဓဘာသာဟာ နာမ် (ဝါ) စိတ်ကိုဟောတဲ့ တရားပဲ။ နိုင်ငံရေး၊ စီးပွားရေး ပြောင်းလဲရေးတရား မဟုတ်ဘူး။ သို့သော် ခက်နေတာက အဲဒီနှစ်ခုမှာ ထိုဟာက ဘယ်မှာဆုံးပြီး ဤဟာက ဘယ်မှာစတာလဲ။ ဘာသာတရားရယ်လို့ အမည်တပ်ပြီး အကြမ်းဖက်ခြင်းများ ကျူးလွန်နေကြတဲ့ ခေတ် ကာလ၊ ထိုကာလကြီးထဲမှာ ဘာသာရေးသွေးခုန်ခြင်းရဲ့မည်းမှောင်တဲ့ဘက်ခြမ်းကို ဘာသာရေး အဖွဲ့အစည်းဟာ မိမိအလိုအလျောက် ပြုပြင်ပြောင်းလဲနိုင်မလား။...

# [လုံခြုံရေးစနစ် ပြုပြင်ပြောင်းလဲရေး မုန့်ဆီကြော်၊ နူတ်ခမ်းနာနှင့် မဟာဗျူဟာမူခြေ ရှာဖွေခြင်း]

By [Min Zin]

10 Min read

[Add comment]

ဒီဆောင်းပါးဟာ ၂၀၁၇ ခုနှစ် စက်တင်ဘာ ၂၉ ရက်ကပြုလုပ်တဲ့ UNFC Stakeholders ဆွေးနွေးပွဲရဲ့ တင်ပြချက်အပေါ် အခြေခံရေးသားထားတာ ဖြစ်ပါတယ်။ ဒါဟာ အခြေအနေနဲ့ အပြန်အလှန်ဆွေးနွေးချက်တွေအပေါ် မူတည်ပြီး ဆက်လက်ဖြည့်စွက်ရေးသားရမယ့်စာမူ ဖြစ်ပါ တယ်။ ဆောင်းပါးခေါင်းစဉ်မှာ ဖော်ပြထားသလိုပဲ ငြိမ်းချမ်းရေးဖြစ်စဉ်မှာ နိုင်ငံရေးအရ သဘော တူချက် ရယူနိုင်မှုမရှိသေးဘဲ လုံခြုံရေးကဏ္ဍကို အပြီးအပြတ်ကေန်သဘော ဆွေးနွေးကြမယ် ဆိုရင်...

# [တရုတ်၏ ကျက်သရေထိုးစစ်အား မဟာဗျူဟာယဉ်ကျေးမှုရှုထောင့်မှ ချဉ်းကပ်ကြည့်ခြင်း]

By [Khin Khin Kyaw Kyee]

13 Min read

[Add comment]

21OCTOBER

တရုတ်နိုင်ငံ၏ အလွှာစုံဆက်ဆံရေးမဟာဗျူဟာနှင့် မြန်မာနိုင်ငံ၏ ပကတိအခြေအနေ သုတေသနစာတမ်းကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီနှောင်းပိုင်းတွင် ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။ ထို စာတမ်းတွင် ၂၀၁၁ ခုနှစ်နောက်ပိုင်း ပြောင်းလဲလာသော တရုတ်၏ လူထုဗဟိုပြု သံတမန် လှုပ်ရှားမှုများ၊ အစိုးရနှင့်ဆက်ဆံရေးအပြင် နိုင်ငံရေးပါတီများ၊ အရပ်ဘက် အဖွဲ့အစည်းများ၊ တိုင်းရင်းသားလူမျိုးစုများ၊ အသိပညာရှင် အတတ်ပညာရှင်များကိုဦးတည်၍ ဆက်ဆံရေး...

**အမေရိကန်ရဲ့လုံခြုံရေး နည်းဗျူဟာသစ်**
၁၉ ဒီဇင်ဘာ ၂၀၁၇
အမေရိကန် သမ္မတ ထရမ့်က သူ့ရဲ့နိုင်ငံတော် လုံခြုံရေး နည်းဗျူဟာသစ်ကို ချပြခဲ့ရာမှာ အမေရိကန်အနေနဲ့ရုရှားနဲ့ တရုတ်တို့ရဲ့ပြိုင်ဆိုင်မှု ကာလသစ်တခုကို ရင်ဆိုင်နေရပြီလို့ ပြောကြားလိုက်ပါတယ်။ နောက်ပြီး မြောက်ကိုရီးယားနဲ့ အီရန်တို့လို နိုင်ငံတွေရဲ့ ခြိမ်းခြောက်မှုတွေနဲ့ ပတ်သက်လို့ လည်း သတိပေးလိုက်ပါတယ်။
မော်စကိုနဲ့ဘေကျင်းကတော့ဒါဟာ စစ်အေးတိုက်ပွဲကာလက အမြင်မျိုးနဲ့ အမေရိကန်ရဲ့အကျိုးစီးပွားချဲ့ထွင်လိုတဲ့ အတွက်ပဲ ဖြစ်တယ်လို့ တုန့်ပြန်လိုက်ကြပါတယ်။
ဒါပေမယ့် တချို့ကိစ္စတွေမှာ ဝါရှင်တန်ဘက်က လိုလိုလားလား ပူးပေါင်း ဆောင်ရွက်လိုမှုတွေ ကိုတော့ကြိုဆိုလိုက်ပါတယ်။
သမ္မတ ထရမ့်က ပါကစ္စတန်ကိုလည်း အကြမ်းဖက် တိုက်ဖျက်ရေးတွေမှာ ပိုမို ကြိုးပမ်းမှု မရှိဘူးဆိုပြီးဝေဖန်လိုက်ပါတယ်။
ဦးဘမော်က ပြောပြမှာပါ။

# စစ်ပွဲအမျိုးအစားများ

ဝိကီပီးဒီးယား မှ
[အညွှန်းသို့ ခုန်ကူးရန်](#)[ရှာဖွေရန် ခုန်ကူးမည်](#)

စစ်ပွဲအမျိုးအစားများ စစ်ပွဲအမျိုးအစားကို အကြမ်းဖျင်းအားဖြင့် ရ မျိုးခွဲခြားနိုင်သည်။ - Conventional War သမာရိုးကျ စစ်ပွဲ - Unconventional War သမာရိုးကျ မဟုတ်သော စစ်ပွဲ - Guerrilla War ပြောက်ကျားစစ် - Counter-guerrilla War တန်ပြန်ပြောက်ကျားစစ် - Civil War ပြည်တွင်းစစ် - Rebellion and Revolution ပုန်ကန်ထကြွမှု / တော်လှန်ရေး - Low-intensity warfare မပြင်းထန်သော စစ်ဆူ/ စစ်ပူအခြေအနေ

**မာတိကာ**


- ၁စစ်ပွဲအမျိုးအစားခွဲခြားနည်း
    - ၁.၁စစ်ပွဲနှင့်တိုက်ပွဲ၏ ကွဲပြားခြားနားချက်
- ၂(၁) သမာရိုးကျ စစ်ပွဲ (Conventional War)
- ၃(၂ ) သမာရိုးကျမဟုတ်သော စစ်ပွဲ ( Unconventional War )

- ၄(၃) ပြောက်ကျားစစ် (Guerrilla War)
- ၅(၄) တန်ပြန်ပြောက်ကျားစစ် (Counter-Gurellia War)
    - ၅.၁တန်ပြန်ပြောက်ကျားစစ်နည်းဗျူဟာများ
- ၆(၅) ပြည်တွင်းစစ် (Civil War)
    - ၆.၁ပြည်တွင်းစစ်
- ၇(၆) ပုန်ကန်ထကြွမှု / တော်လှန်ရေး (Rebellion and Revolution)
    - ၇.၁ပုန်ကန်ထကြွမှု (Rebellion)
    - ၇.၂တော်လှန်ရေး (Revolution)
- ၈(၇) မပြင်းထန်သောစစ်(ဝါ) ကွက်ကျားစစ် (Low intensive Warfare)
- ၉ကိုးကား


## စစ်ပွဲအမျိုးအစားခွဲခြားနည်း[ပြင်ဆင်ရန်]

စစ်ပွဲတွင် အသုံးပြုသော မဟာဗျူဟာ၊ နည်းဗျူဟာနှင့် ဘာရည်ရွယ်ချက်နှင့်တိုက်ခိုက်ကြသလဲ ဘယ်သူတွေ တိုက်ခိုက်ကြသလဲ၊ ဘယ်လိုလက်နက်တွေနှင့် အသုံးပြုပြီး တိုက်ခိုက်ကြသလဲ၊ ဘယ်လို ပုံစံတွေနဲ့ တိုက်ခိုက်ကြသလဲ ဆိုတာတွေအပေါ် အခြေခံပြီး စစ်ပွဲတွေကို အမျိုးအစားခွဲခြားကြသည်။

### စစ်ပွဲနှင့်တိုက်ပွဲ၏ ကွဲပြားခြားနားချက်[ပြင်ဆင်ရန်]

စစ်ပွဲနှင့်တိုက်ပွဲကို ခွဲခြားသိမြင်ရန်လိုအပ်သည်။ စစ်ပွဲတွင် တိုက်ပွဲပေါင်းများစွာပါဝင်သည်။ တိုက်ပွဲတွင် ဆုတ်ခွာရခြင်း၊ တိုက်ပွဲကျရှုံးခြင်းသည် စစ်ပွဲကျရှုံးခြင်းမဟုတ်။ တခါတရံ စစ်ပွဲအောင်နိုင်ရေးအတွက် မဟာဗျူဟာအရ အသာစီးရရန် ဆုတ် ခွာရခြင်းများလည်းရှိနိုင်သည်။ တိုက်ပွဲဖြစ်ခြင်းကိုလည်း စစ်ဖြစ်ခြင်းဟု ဆိုရန်မရနိုင်ချေ။ စစ်ပွဲသည် အကြီးစား ဖြစ်သည်။ တိုက်ပွဲသည် အသေးစားဖြစ်သည်။ တိုက်ပွဲများကိုသုံးသပ်၍ စစ်ပွဲဟု သတ်မှတ်နိုင်သော လက္ခဏာရှိမရှိ ဆုံးဖြတ်နိုင်သည်။

## (၁) သမာရိုးကျ စစ်ပွဲ (Conventional War)[ပြင်ဆင်ရန်]

နှစ်နိုင်ငံအကြား စစ်စွမ်းရည်မတိမ်းမယိမ်းရှိသောစစ်သားများနှင့် သမာရိုးကျလက်နက်များကို အသုံးပြု၍ တိုက်ခိုက်သောစစ်ကို သမာရိုးကျစစ်ပွဲဟုခေါ်သည်။ သမာရိုးကျစစ်ပွဲတွင် သမာရိုးကျလက်နက်များ၊ သမာရိုးကျခဲယမ်းမီးကျောက်များကိုအသုံးပြုသည်။ တင့်ကား များ၊ စစ်သင်္ဘောများ၊ တိုက်လေယာဉ်များ၊ အမြောက်များနှင့် အခြားသော ဖျက်ဆီးရေးလက်နက်များ ပါဝင်သည်။ ဥပမာ - အာရပ် - အစ္စရေး စစ်ပွဲ၊ အိန္ဒိယ - ပါကစ္စတန် စစ်ပွဲ၊ ဖောက်ကလန်ကျွန်း

စစ်ပွဲ(၁၉၈၂)၊ ကိုရီးယား စစ်ပွဲ။ ဖောက်ကလန်ကျွန်းစစ်ပွဲသည် ဗြိတိသျှဝန်ကြီးချုပ် မာဂရက်သက်ချာလက်ထက်တွင် အာဂျင်တီးနား နိုင်ငံအနီး ဖောက်ကလန်ကျွန်းအပေါ် ပိုင်ဆိုင်မှု အငြင်းပွားခြင်းကိုအကြောင်းပြု၍ ဗြိတိန်နှင့် အာဂျင်တီးနား နိုင်ငံတို့ ဖြစ်ပွားသော စစ်ပွဲ ဖြစ်သည်။ နိုင်ငံအားလုံးသည် ဂျီနီဗာကွန်ဗင်းရှင်းမှာ ထုတ်ပြန်ထားသော စစ်စည်းမျဉ်း၊ ဥပဒေများကို လိုက်နာရန် တာဝန်ရှိသည်။ ဂျီနီဗာ စာချုပ်တွင်

> ၁။ သုံ့ပန်းများနှင့် ဆက်ဆံမှု၊
>
> ၂။ ဒဏ်ရာရသူများ ကြည့်ရှုရေး၊
>
> ၃။ အရပ်သားများ၏ အသက်နှင့် ဥစ္စာပစ္စည်းများ ကာကွယ်ပေးခြင်း စသော စစ်သည်တို့ လိုက်နာအပ်သော ကျင့်ဝတ်ဆိုင်ရာ နိုင်ငံတကာသဘောတူညီချက်များပါဝင်သည်။

## (၂ ) သမာရိုးကျမဟုတ်သော စစ်ပွဲ ( Unconventional War )[ပြင်ဆင်ရန်]

စစ်ရေးစွမ်းရည်ပြည့်တည်ဆောက်ထားသောနိုင်ငံများအကြား ခေတ်မီနည်းပညာမြင့် ဖျက်လက်နက်များ ကိုအသုံးပြု၍ ဖြစ်သောစစ်ပွဲကို သမာရိုးကျမဟုတ်သောစစ် ဟုခေါ်သည်။ အစုလိုက်အပြုံလိုက်ဖျက်ဆီးနိုင်သောလက်နက်များ၊ နျူကလီးယားကလက်နက်၊ ဓာတုလက်နက် နှင့် ဇီဝလက်နက်များကို တိုက်ပွဲတွင် အသုံးပြုသည်။ အဆိပ်ဓာတ်ငွေ့ မီးလောင်ဗုံးစသည့် သမာရိုးကျ စစ်ပွဲတွင် အသုံးမပြုသော လက်နက်များဖြင့် တိုက်ခိုက်သောစစ်ပွဲကို Unconventional War ဟု သတ်မှတ်နိုင်သည်။ ဥပမာ - ပင်လယ်ကွေ့စစ်ပွဲ(၁၉၉၁)၊ ၎င်းစစ်ပွဲတွင် Tomahawk ဟုခေါ်သော စမတ်ဗုံးများအသုံးပြုခဲ့ သည်။ အီရန် - အီရတ် စစ်ပွဲ (၁၉၈၀ - ၈၈)၊ ၎င်းစစ်ပွဲတွင် ဓာတုလက်နက်များအသုံးပြုခဲ့သည်။ အမေရိကန် - ဂျပန် စစ်ပွဲ (၁၉၄၅ )၊ ၎င်းစစ်ပွဲတွင် အမေရိကန်သည် ဂျပန်နိုင်ငံရှိ ဟီရိုရှီးမားမြို့နှင့် နာဂစကီမြို့တို့ကို နျူကလီးယားဗုံးဖြင့်တိုက်ခိုက်၍ ဒုတိယကမ္ဘာစစ်ကြီးကို အဆုံးသတ်ပစ်ခဲ့သည်။

## (၃) ပြောက်ကျားစစ် (Guerrilla War)[ပြင်ဆင်ရန်]

မိမိထက်အင်အားကြီးမားသာလွန်သောတပ်များဖြင့် ရင်ဆိုင်တိုက်ပွဲဝင်ရသောအခါ ပြောက်ကျား စစ်ကို အသုံးပြုကြသည်။ အထူးသဖြင့် စစ်အင်အားကြီးမားသောနိုင်ငံကြီးနှင့် စစ်အင်အားနိမ့်ပါးသော နိုင်ငံများဖြစ်သော စစ်ပွဲများတွင် စစ်ရေးအင်အားနည်းသောနိုင်ငံမှ တပ်များ၊ စစ်အုပ်စုများက ပြောက်ကျားနည်းဖြင့်တိုက်ခိုက်သော စစ်ပွဲများကို

ပြောက်ကျားစစ်ဟုခေါ်သည်။ မိမိဘက်မှ ကျဆုံးမှုအနည်းဆုံးနှင့် ရန်သူ့အင်အားကြီးတပ်ကို အကြီးမားဆုံး ဖြိုခွင်းသည့်နည်း သည် ပြောက်ကျား နည်းပင်ဖြစ်သည်။
ပြောက်ကျားစစ်နည်းဗျူဟာများ

```
Hit and run ( ပစ်ပြေး ပြေး သည်) နှင့် Ambush (ချုံခို တိုက်ခိုက်ခြင်း) တို့ ဖြစ်သည်။
```

(မှတ်ချက်- နိုင်ငံနယ်ပယ်အရကြီးမားခြင်း၊ လူဦးရေအရများပြားခြင်း တို့သည် စစ်အင်အားကြီးမားခြင်း ဟု ခေါ်ဆို၍ မရနိုင်ချေ။ ဥပမာ- မော်စီတုန်း၏ တရုတ်ကွန်မြူနစ်တပ်များသည် နိုင်ငံနယ်ပယ်အရ၊ လူဦးရေအရ များပြားခြင်းမရှိသော်လည်း စစ်ရေးစွမ်းရည်ကြီးမားထက်မြက်သော ဂျပန်တပ်များကို ပြောက်ကျားနည်းဖြင့် တိုက်ထုတ်ခဲ့သည်။) ထင်ရှားသော ပြောက်ကျားစစ်မဟာဗျူဟာများကို ဥပမာပြရသော် မော်စီတုန်း၏ ပြောက်ကျားနည်း (၁၈၉၃ - ၁၉၇၆ )၊ ဗီယက်နမ် ခေါင်းဆောင်ကြီး ဟိုချီမင်းလောင်းလျာ ဗိုလ်ချုပ်ငုယင်ဂီယက်၏ ပြောက်ကျားနည်း (၁၉၁၂ - )၊ အယ်ကိုင်းဒါး၏ နည်းဗျူဟာများ ဖြစ်ကြသည်။ ပြောက်ကျားတိုက်ပွဲဆင်နွှဲခြင်းကို လက်နက်ကိုင်၍ သူပုန်ထသောင်းကျန်းခြင်းဟုလည်း သိမြင် နိုင်သည်။

## (၄) တန်ပြန်ပြောက်ကျားစစ် (Counter-Gurellia War)[ပြင်ဆင်ရန်]

တန်ပြန်ပြောက်ကျားစစ်ကို သောင်းကျန်းမှု ချေမှုန်းရေးစစ်ဟု ခေါ်သည်။ လက်နက်ကိုင်သူ ပုန်ထ၍ သောင်းကျန်းခြင်း(ဝါ)ပြောက်ကျားနည်းဖြင့် သူပုန်ထသူများကို တန်ပြန်ချေမှုန်းသည့် စစ်ကို တန်ပြန်ပြောက်ကျား စစ် ဟု ခေါ်သည်။ Counter-Gurrillia also called Counter insurgency (COIN). (တန်ပြန်ပြောက်ကျားနည်းကို သောင်းကျန်းမှုချေမှုန်းရေးဟုခေါ်သည်။)

### တန်ပြန်ပြောက်ကျားစစ်နည်းဗျူဟာများ[ပြင်ဆင်ရန်]

```
Search and Destroy (ရှာမယ် တွေ့ရင်ဖျက်မယ်)၊ မြေအောက်ဖုံးခိုကျင်းများကို ဖျက်ဆီးခြင်း၊ ရွာသားယောင်ဆောင်ထားသော သူပုန်များကို ရှာဖွေဖမ်းဆီးခြင်း၊ အနံ့ခံခွေးများအသုံးပြု၍ သူပုန်ကို ရှာဖွေခြင်း စသည် အရာများဖြစ်သည်။
ဥပမာ - မြန်မာ့တပ်များ၏ သောင်းကျန်သူဖြိုခွင်းချေမှုန်းရေးဗျူဟာ။
```

## (၅) ပြည်တွင်းစစ် (Civil War)[ပြင်ဆင်ရန်]

တစ်နိုင်ငံတည်းတွင် နိုင်ငံရေးအယူအဆကွဲပြားသော နိုင်ငံရေးအုပ်စုများအကြား လက်နက်ကိုင် တိုက်ခိုက်ခြင်းကို ပြည်တွင်းစစ်ဖြစ်သည်ဟု ယေဘုယျအားဖြင့် အမျိုးအစားခွဲခြားနိုင်သည်။

ဝါဒရေး၊ အယူအဆရေးကွဲပြားခြင်းသည် တစ်နိုင်ငံတည်းမှာပင် လူမျိုးစုမတူခြင်း ၊ ယဉ်ကျေးမှု ကွဲပြား ခြင်း၊ ဘာသာရေး ကိုးကွယ်မှုအယူဝါဒမတူညီခြင်း၊ သမိုင်းကြောင်းအရ ကွဲပြားနေခြင်းစသည့် အရာများ ကို အခြေခံသည်။ ထိုသို့ မတူညီမှုများဖြင့် စုပေါင်းဖြစ်တည်နေသောနိုင်ငံများတွင် ဖြစ်လေ့ ဖြစ်ထ ရှိသော စစ်သည် ပြည်တွင်းစစ်ပင်ဖြစ်သည်။ Civil War An armed conflict between politically organized groups within a state, usually fought eight for control of the state or to establish a new state.

## ပြည်တွင်းစစ်[ပြင်ဆင်ရန်]

နိုင်ငံတစ်ခုအတွင်းရှိသော နိုင်ငံရေးအဖွဲ့အစည်းများအကြား လက်နက်ကိုင်ပဋိပက္ခဖြစ်ပွား ခြင်းကို ပြည်တွင်းစစ်ဟု ခေါ်သည်။ အထူးသဖြင့် နိုင်ငံသစ်တည်ဆောက်ရန် လက်ရှိနိုင်ငံရေးဖြစ်စဉ် အားလုံးကို ထိန်းချုပ်နိုင်ရန် ရည်ရွယ်ကြသည်။ ပြည်တွင်းစစ်သည် အကြောင်းကိစ္စအများအပြားကို အကြောင်းပြု၍ ဖြစ်ပွားလေ့ရှိသည်။ အထူးသဖြင့် လူမျိုးစုအများအပြား စုပေါင်းနေထိုင်ကြသော နိုင်ငံများတွင် ပြည်တွင်းစစ်ဖြစ်ရန် အလားအလာ များပြားသည်။ လူမျိုးစုများပြားခြင်းကြောင့် ဘာသာစကား၊ ကိုးကွယ်ယုံကြည်မှု၊ ဓလေ့ထုံးတမ်း အစဉ်အလာ၊ အတွေးအခေါ် အယူအဆ၊ ယဉ်ကျေးမှု စသည့်အရာများ ကွဲပြားလာသည်။ ထိုကွာခြားမှု သည် ပဋိပက္ခဖြစ်ခြင်း၏ အကြောင်းလည်းဖြစ်သည်။ အများအားဖြင့် ပြည်တွင်းစစ်သည် ခွဲထွက်ရေး ကဲ့သို့သောအရေးများကြောင့် လည်းကောင်း၊ တန်းတူညီမျှသောအခွင့်အရေးများ မရှိသော အခြေအနေများကို အကြောင်းပြု၍လည်း ကောင်း၊ ဝါဒရေးကိုင်စွဲမှုမတူညီခြင်းကြောင့်သော်လည်းကောင်း စသည့်အကြောင်းအချက်များအပေါ် အကြောင်းပြု၍ ပြည်တွင်းစစ်ဖြစ်ပွားလေ့ရှိသည်။ လူမျိုးစု ပဋိပက္ခများကြောင့် ဖြစ်ပွားသော ပြည်တွင်းစစ်များ သည် သာဓကပေါင်းမြောက်များစွာရှိသည်။ ဥပမာ ဆိုက်ပရပ်တွင် ဂရိနှင့် တူရကီတို့ဖြစ်ပွားသော လူမျိုးစု ပြည်တွင်းစစ် (၁၉၆၀) လက်ဘနွန်တွင် ခရစ်ယာန်နှင့် မူဆလင်တို့ဘာသာရေးအရ ဖြစ်ပွားသောစစ်ပွဲ (၁၉၇၀) ရဝမ်ဒါတွင် ဟူတူနှင့် တွတ်စီလူမျိုးများဖြစ်သော ပြည်တွင်းစစ်၊

ဘော့စနီးယားတွင် မူဆလင်နှင့် ဆာ့ဖ်လူမျိုးများဖြစ်ပွားသော ပြည်တွင်းစစ်

စသည် ပြည်တွင်းစစ်များ သည် လူမျိုးစု ကွဲပြားခြင်းကို အကြောင်းပြု၍ ဖြစ်ပွားသော ပြည်တွင်းစစ်များဖြစ်သည်။ မြောက်ကိုရီးယားကွန်မြူနစ်အစိုးရနှင့် တောင်ကိုရီးယားဒီမိုကရက်တစ်အစိုးရတို့ ဝါဒရေးအရဖြစ်ပွား သော ပြည်တွင်းစစ်၊

မြောက်ဗီယက်နမ်နှင့်တောင်ဗီယက်နမ်တွင်လည်း ကိုရီးယားစစ်ပွဲနှင့် အလားတူသော စစ်ပွဲဖြစ်ပွားခဲ့သည်။ ၎င်းစစ်ပွဲများသည် ကွန်မြူနစ်ဝါဒနှင့် အရင်းရှင်ဝါဒတို့အပေါ် ဝါဒရေးကိုင်စွဲမှု ကွဲပြားခြင်းကြောင့် ဖြစ်ပွားသော ပြည်တွင်းစစ်များပင်ဖြစ်သည်။

ယနေ့အထိ မြောက်ကိုရီးယားနှင့်တောင်ကိုရီးယားနိုင်ငံသည် ပေါင်းစည်း၍မရဘဲ နိုင်ငံနှစ်ခြမ်းကွဲကာ နိုင်ငံတစ်ခုချင်းအနေဖြင့် သီးသန့်ရပ်တည်နေသည်။ တောင်ဗီယက်နမ်နှင့်မြောက်ဗီယက်နမ်သည် ခေါင်းဆောင် ကြီးဟိုချီမင်း၏ စွမ်းဆောင်ချက်ကြောင့် စည်းလုံးသော ဗီယက်နမ်နိုင်ငံအဖြစ် ပေါင်းစည်းရပ်တည်နိုင်ခဲ့သည်။ မြန်မာနိုင်ငံတွင်လည်း တောင်တန်းနှင့် မြေပြန့်ခွဲခြား၍ ပြည်တွင်းစစ် ဖြစ်အောင်ဖန်တီးချက်များကို နယ်ချဲ့ ကိုလိုနီဝါဒီများကလုပ်ဆောင်ခဲ့သည်။ တဖန် ကွန်မြူနစ်၊ ဆိုရှယ်လစ်၊ ဒီမိုကရက်တစ်၊ ဖက်ဒရယ်၊ ခွဲထွက်ရေး စသည့်တို့ကို အကြောင်းပြု၍ပြည်တွင်းစစ်များ ဖြစ်ခဲ့ကြသည်။

နိုင်ငံတွင်းဖြစ်ပွားသောစစ်ပွဲများသည် နိုင်ငံတိုင်းလိုလိုကြုံတွေ့ရသောသာဓကကို တွေ့ရသည်။ အမေရိကန် နိုင်ငံတွင် လူမည်းကျွန်များ ဖျက်သိမ်းရေး၊ မဖျက်သိမ်းရေးကို အကြောင်းပြု၍ တောင်နှင့် မြောက် ပြည်တွင်းစစ် ဖြစ်ပွားခဲ့သည်။ တောင်ကိုရီယားနှင့် မြောက်ကိုရီးယား ဝါဒကိုင်စွဲမှုမတူညီမှု အပေါ်အကြောင်းပြု၍ ပြည်တွင်း စစ်ဖြစ်ပွားခဲ့သည်။ တောင်ဗီယက်နမ်နှင့် မြောက်ဗီယက်နမ်ပြည်တွင်း စစ်ဖြစ်ခဲ့သည်။ ခေါင်းဆောင်ကြီး ဟိုချီမင်းက ဗီယက်နမ်ကို ပြန်လည် ပေါင်းစည်းနိုင်ခဲ့သည်။ ထို့အတူ တရုတ်နိုင်ငံတွင်လည်း မော်စီတုံး ခေါင်းဆောင်သော ကွန်မြူနစ်အစိုးရနှင့် ချန်ကေရှိတ် ဦးဆောင်သော ကူမင်တန်တပ်များ ပြည်တွင်းစစ်ဖြစ်ပွား ခဲ့သည်။ ချန်ကေရှိတ်တပ်များ ထိုင်ဝမ်ကျွန်းအထိ ဆုတ်ခွာခဲ့ရပြီး ထိုင်ဝမ်ကျွန်းကို ခြေကုတ်ယူ၍ အမေရိကန် တပ်များ၏ အကာအကွယ်ဖြင့် ရပ်တည်ခဲ့ ရသည်။ မြန်မာနိုင်ငံတွင် ပထစအစိုးရလက်ထက်မှစတင်၍ ဗမာပြည်ကွန်မြူနစ်ပါတီနှင့် ဖြစ်ပွားသောပြည်တွင်း စစ်၊ တိုင်းရင်းသား လက်နက်ကိုင်တပ်များနှင့် အစိုးရဖြစ်ပွားသော ပြည်တွင်းစစ်များသည် ပြည်တွင်း စစ်ဖြစ်ပွား သော သာဓကကောင်းများပင် ဖြစ်သည်။

## (၆) ပုန်ကန်ထကြွမှု / တော်လှန်ရေး (Rebellion and Revolution)[ပြင်ဆင်ရန်]

တတိယကမ္ဘာမှ နိုင်ငံများ ဝါဒရေးကွဲပြားမှုနှင့် လူမျိုးုစုကွဲပြားခြင်းကို အကြောင်းပြု၍ မကြာခဏ ဖြစ်ပွားသော အရေးအခင်းများ ဖြစ်သည်။

### ပုန်ကန်ထကြွမှု (Rebellion)[ပြင်ဆင်ရန်]

ပုန်ကန်ထကြွမှုဆိုသည် Rebellion တွင် လက်နက်ကိုင်အင်အားသုံး၍ ပုန်ကန်ခြင်းမဟုတ်ချေ။ အရေးအခင်းများ၊ အဓိကရုဏ်းများဖန်တီး၍ ပြည်သူလူထုကို ပြည်သူလူထုက လှုံ့ဆော်ကြိုက်များ နည်းနိသလရည်းများ အသုံးပြု၍ ပုန်ကန်ထကြွခြင်း ကို Rebellion ဟုခေါ်သည်။ (ပုန်ကန်ထကြွခြင်းသည် အစိုးရတစ်ရပ်ကိုပြောင်းလဲစေခြင်း၊ လူမှုဝန်းကျင်ကြီးတစ်ခုလုံးကို ပြောင်းလဲ စေခြင်း လောက် အင်အားမကြီးမားချေ။
မိမိတို့တောင်းဆိုချင်ရာတစ်ခုခုကိုသော်လည်းကောင်း၊ မိမိတို့၏ ဆန္ဒကို သော်လည်းကောင်း၊ ပြည်သူလူထုက ပြည်သူလူထုအားကို အသုံးပြု၍ ပြည်သူ အလေးထားသော အရာ တစ်ခုခုကို အဆင့်မြှင့်တင်သော Promotion ပွဲတစ်ခုနှင့် အလားသဏ္ဍာန် တူသည်။ မိမိတို့ရည်ရွယ် ဦးတည်ချက်ထားသောအရာကို ပေါ်ပြူလာဖြစ်အောင် မြှင့်တင်ခြင်းသည် Rebellion လုပ်ခြင်းပင်ဖြစ်သည်။ ပြည်တွင်းတွင်ဖြစ်ပွားခဲ့သော ဥပမာတစ်ခုကို ထုတ်ဖော်ပြရသော် ၂၀၀၇ ခုနှစ်တွင်ဖြစ်ပွားခဲ့သော ရွှေဝါရောင်တော်လှန်ရေးသည် Rebellion ပင်ဖြစ်သည်။ ၎င်းရွှေဝါရောင်တော်လှန်ရေးကို တော်လှန် ရေး (Revolution) ဟု အမည်တပ်ထားသော်လည်း အမှန်တကယ်တွင် ၎င်းသည်တော်လှန်ရေး အဆင့်မဟုတ်ချေ။ Rebellion ထကြွမှုအဆင့်သာရှိသည်။ ဥပမာ - ဂါဇာကမ်းမြှောင်တွင် ကျောင်းသားသမဂ္ဂနှင့် ရဲများဖြစ်ပွားသော အဓိကရုဏ်း။

### တော်လှန်ရေး (Revolution)[ပြင်ဆင်ရန်]

တော်လှန်ရေးသည် အစိုးရတစ်ရပ်ကို ဖြုတ်ချခြင်း၊ လူမှုဝန်းကျင်ကြီးတစ်ခုလုံးကို ပုံသဏ္ဍာန် ရော၊ အနှစ်သာရပါ အရှိန်အဟုန် နှင့် အလျင်အမြန်ပြောင်းလဲစေခြင်းဖြစ်သည်။ တော်လှန်ရေးတွင် စွမ်းရည်မြင့်တော်လှန်ရေးသမားများကို စည်းစည်းလုံးလုံး စုရုံးထားပြီး အစိုးရတစ်ရပ်ကိုဖြုတ်ချခြင်း၊ လူမှုဝန်းကျင်ကို အချိန်အနည်းငယ်အတွင်းပြောင်းလဲ စေအောင်လုပ်ဆောင်သော ဆောင်ရွက်ချက်များ ကို တော်လှန်ရေးဟု အဓိပ္ပာယ်သတ်မှတ်နိုင်သည်။

## (၇) မပြင်းထန်သောစစ်(ဝါ) ကွက်ကျားစစ် (Low intensive Warfare)[ပြင်ဆင်ရန်]

ကြိုကြား ကြိုကြားဖြစ်သောစစ်ဟု သတ်မှတ်နိုင်သည်။ တခါတရံမှသာ တိုက်ပွဲဖြစ်လိုက် ပြန်ငြိမ်သွားလိုက်နှင့် ဖြစ်ပွားသော စစ်မျိုးကို Low intensive Warfare ဟုခေါ်သည်။ ရံဖန်ရံခါမှသာ ဖြစ်တတ်သည်။ သို့သော် အဆုံးသတ်ရန်ခက်ခဲသည့် သဘောရှိသည်။ အတွင်းကြိတ်၍ ရန်ထောင်ခြင်း သဘောဆောင်သည်။ အင်အားရှိမှ ထချသော တိုက်ပွဲမျိုး၊

စစ်ပွဲမျိုးဖြစ်သည်။ အခြားသောအချိန်များ တွင် ငြိမ်းချမ်းနေသယောင်
တည်ငြိမ်နေသယောင်ရှိသည်။

ကြိုကြားစစ်ကို ဥပမာပြရသော် ဗြိတိသျှနှင့် အိုင်းရစ်တို့မြောက်အိုင်ယာလန်တွင်ဖြစ်ပွားသော စစ်အမျိုးအစား ကို Low intensive Warfare အဆင့်ဟု သတ်မှတ်နိုင်သည်။ ၁၉၇၀ နှင့် ၁၉၉၇ နှစ်အတွင်း ဗြိတိန်ဝန်ကြီးချုပ် ဂျွန်မေဂျာလက်ထက် IRA – Irish Republican Army နှင့် အင်္ဂလန်တို့နှင့် တိုက်သောစစ်သည် အကောင်းဆုံး ဥပမာဖြစ်သည်။ IRA တပ်မတော်သည် မမျှော်လင့်သော အချိန်တွင် ၎င်းတို့ဆန္ဒဖော်ထုတ်၍ အလိုမရှိကြောင်း သတိပေး တပ်လှန့်လိုက်သောသဘော ဖြစ်အောင် စစ်ပွဲကို ဖန်တီးလိုက်သည်။ စစ်တို့၏သဘောသည် ရှုပ်ထွေးသည်။ များပြားသော အမျိုးအစားမူကွဲပေါင်းများစွာရှိသည်။ သမာရိုးကျစစ်ပွဲနှင့် သမာရိုးကျမဟုတ်သောစစ်ပွဲများသည် နိုင်ငံအချင်းချင်းကြားဖြစ်ပွားသော စစ်ပွဲအမျိုးအစားများဖြစ်ပြီး ပြောက်ကျားစစ်၊ ပြည်တွင်းစစ်၊ ပုန်ကန်ထကြွမှု၊ တော်လှန်ရေး၊ ကြိုကြားစစ်ပွဲများသည် နိုင်ငံတစ်ခုအတွင်း ပြည်တွင်းမှာ ပင်ဖြစ်သောစစ်ပွဲများဖြစ်သည်။[၁]